# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday 8 May 2018 ၉၂၈၀


# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဂျပန်-မြန်မာ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

# ကာမိုင်းမြို့နယ် မံဝယ်ကျေးရွာမှ ပြည်သူများအား လုံခြုံစိတ်ချသော နေရာများသို့ ရွှေ့ပြောင်းပေးခဲ့

**နေပြည်တော် မေ ၇**

ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေကြောင့် သွားလာရွှေ့ပြောင်းမှု ခက်ခဲလျက်ရှိသော နေရာများမှ ပြည်သူများကို လုံခြုံစိတ်ချရသောနေရာများသို့ ရွှေ့ပြောင်းနိုင်ရေး၊ ခေတ္တခိုလှုံရာနေရာများသို့ ရောက်ရှိနေသော ပြည်သူများကို ထောက်ပံ့နိုင်ရေးတို့အတွက် မေ ၅ ရက်က မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရွှေ့ပြောင်းရန်ခက်ခဲနေသော ပြည်သူများအတွက် မြစ်ကြီးနားမြို့တွင် ဆန္ဒဖော်ထုတ်လျက်ရှိသော လူငယ်ခေါင်းဆောင်များနှင့် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၅ ရက်နှင့် မေ ၆ ရက်တို့တွင် နေရပ်စွန့်ခွာလာသော ပြည်သူများ ခေတ္တခိုလှုံရာနေရာများသို့ သွားရောက်၍ ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ပြည်သူများ ရွှေ့ပြောင်းနိုင်ရေးအတွက် တပ်မတော်နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး နယ်မြေခံတိုင်းစစ်ဌာနချုပ်၏ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်နယ်အစိုးရမှ ဖွဲ့စည်းပေးသော ဌာနပေါင်းစုံပါဝင်သည့် လုပ်ငန်းအဖွဲ့ဖြင့် ကာမိုင်းမြို့နယ်


**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**


# ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာဆောင်ရွက်ခဲ့မှု သတင်းစာရှင်းလင်းပွဲပြုလုပ်မည်

**နေပြည်တော် မေ ၇**

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများကို သတ်မှတ်ရက်အလိုက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းစည်းဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစာရှင်းလင်းပွဲများကို မေ ၁၁ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မေ ၁၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မေ ၁၇ ရက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊


**စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ◯**


## ရန်ကုန်မြို့တွင် စည်းကမ်းမဲ့အမှိုက်ပစ်သူများကို ထိထိရောက်ရောက် အရေးယူမည်


စာမျက်နှာ - ၁၁


## ကမ္ဘာ့ကြက်ခြေနီနေ့နှင့် လခြမ်းနီနေ့


စာမျက်နှာ - ၁၅





# ကြေးမုံ

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လက်ကမ်းကြိုဆို

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို စီးပွားရေးမြို့တော်ကြီးဖြစ်သည့် ရန်ကုန်မြို့ရှိ စီးပွားရေးအခွင့်အလမ်းကောင်းများ ပေါ်ထွန်းနေမှုများက သက်သေပြလျက်ရှိသည်။ ရန်ကုန်မြို့တော် ဖွံ့ဖြိုးလာခြင်း၊ စီးပွားရေးတိုးတက်လာခြင်းသည် မြန်မာနိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် တွန်းအားများပင်ဖြစ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုများအား လက်ကမ်းကြိုဆိုရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများစီးဝင်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုအများဆုံးစီးဝင်ကြောင်း သိရသည်။ ရန်ကုန်မြို့တော်သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ လုပ်သာကိုင်သာရှိပြီး လွယ်ကူချောမွေ့စေသော စီးပွားရေးအခွင့်အလမ်းများစွာ တည်ရာဖြစ်သည်။ ရေကြောင်း၊ လေကြောင်း၊ မြို့ပြဝန်းကျင်ကောင်းများစွာ တည်ရှိသဖြင့် ကုန်သွယ်ကူးသန်း၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်သည့် အခြေအနေကောင်းများစွာ အစဉ်အဆက်ရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၅၈၅ ခု၊ မတည်ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်ငွေ ၆၉၉၀ ဒသမ ၂၁၃၄ ဘီလီယံ ရှိခဲ့သည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ၈၄၅ ခု၊ မတည်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၇၆ ဘီလီယံ စီးဝင်ခဲ့ကြောင်း သိရသည်။ ထိုမျှသော ပမာဏသည် မြန်မာနိုင်ငံအတွင်း အခွင့်အလမ်းကောင်းများ ရှိနိုင်သည်ဟု ယူဆသဖြင့် အရှည်မြော်တွေး၍လည်းကောင်း၊ စွန့်စားစမ်းသပ်လုပ်ကိုင်လို၍လည်းကောင်း ရင်းနှီးမြှုပ်နှံကြခြင်းဖြစ်သည်။

အမှန်တကယ်တွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အခွင့်အလမ်းကောင်းများစွာရှိသည့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရာတွင် ရင်းနှီးမြှုပ်နှံသူများအတွက် အာမခံချက်နှင့် ယုံကြည်စိတ်ချရမှုများ၊ အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် အခွန်ဆိုင်ရာအချက်အလက်များကို သေချာရှင်းလင်းပြတ်သားစွာ သိရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုဥပဒေကို သိလိုကြသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းပေးခဲ့သည့်အပြင် အဆိုပါ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ကြိုးပမ်းဆောင်ရွက်မှုများသည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများပင် ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အဓိကလိုအပ်ချက်မှာ အာမခံချက်အပြည့်အဝရှိသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ရင်းနှီးမြှုပ်နှံမည့် မြေနေရာနှင့် အခြေခံအဆောက်အအုံတို့ဖြစ်သည်။ ယင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်ဟု သိရှိသဖြင့် ကြိုဆိုရမည်ဖြစ်သည်။ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန် ၃၀ နှင့် သီလဝါစက်မှုဇုန်ရှိပြီး လှိုင်သာယာမြို့နယ်တွင်ရှိသည့် စက်မှုဇုန်မှာ မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှု ယခုထက် ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် မေလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၁၈)ကို ကျင်းပတော့မည်ဖြစ်ရာ နိုင်ငံတကာမှ စိတ်ဝင်စားသူ နိုင်ငံခြားသား ၃၀၀ ကျော်အပါအဝင် စုစုပေါင်းဦးရေ ၇၀၀ ခန့် ဖိုရမ်သို့ တက်ရောက်မည်ဟု သိရသည်။ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ် စတင်ထွက်ရှိပြီး တစ်နှစ်ခန့်အကြာတွင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများ သိသင့်သိထိုက်သည့် အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားပြီး အပြန်အလှန် ဆွေးနွေးဖလှယ်ခွင့်ရရှိခြင်းသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများပင်ဖြစ်သည်။

သို့ဖြစ်ရာ စီးပွားရေးအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များသော မြန်မာနိုင်ငံတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးအတွက် အချိန်အခါသင့် လှုပ်ရှားဆောင်ရွက်မှုများ လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှု အထောက်အပံ့ကောင်းများအား ဆောင်ကြဉ်းပေးခြင်းဖြင့် မြန်မာနိုင်ငံ၏အနာဂတ် ပိုမိုဖွံ့ဖြိုးတောက်ပြောင်လာမည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ (၅၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်



**နေပြည်တော် မေ ၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် မေ ၃ ရက်မှ ၆ ရက်အထိ ကျင်းပသည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ (၅၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၄ ရက်တွင် အာဆီယံ + ၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေးအခြေအနေများနှင့် နိုင်ငံများသို့ ထင်ဟပ်စေမှုများ၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပေါ် ကျရောက်လာနိုင်မည့် ဆုံးရှုံးနိုင်ခြေရှိသည့် အကြောင်းအချက်များ၊ ယင်းသက်ရောက်မှုကို လျှော့ချစေနိုင်မည့် မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုနှင့် သက်သာစေနိုင်မည့် အစီအစဉ်များ၊ ကာလလတ်မှ ကာလရှည်အထိ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်ရန်နှင့် တည်ငြိမ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ထို့ပြင် ချင်းမိုင် ကနဦးပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ + ၃ မေခရိုစီးပွားရေး သုတေသနရုံး၏ ဆောင်ရွက်မှုအစီရင်ခံစာနှင့် အာရှငွေချေးစာချုပ်ဈေးကွက်ဖြစ်ပေါ်ရန် လုပ်ဆောင်မည့် အစီအစဉ်များ စသည့် အာဆီယံ + ၃ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် ဆွေးနွေးခဲ့ကြသည်။ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက နိုင်ငံအလိုက် ဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး (၂၁)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ ပူးတွဲကြေညာချက်ကို အပြီးသတ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဂျပန်နိုင်ငံမှ ဦးဆောင်၍ ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းအကောင်အထည်ဖော်မည့် အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အာမခံအစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ကြသည်။

မေ ၅ ရက်တွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ၂၀၃၀ ပြည့်နှစ်အထိ ချမှတ်ထားသည့် မဟာဗျူဟာကို အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးခဲ့ကြသည်။ Business Session တွင် ၂၀၁၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ထားသည့် စည်းမျဉ်း စည်းကမ်းများ၊ ၂၀၁၈ ခုနှစ်အတွက် ဘတ်ဂျက်၊ ဘဏ်၏ ဘဏ္ဍာရေးအရင်းအမြစ်များ၏ အခြေအနေ၊ စာရင်းစစ်ဆေးပြီး အစီရင်ခံစာ၊ အသားတင်ဝင်ငွေ ခွဲဝေချထားမှု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ကော်မတီ၏ လုပ်ငန်းစဉ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် Board of Governor ၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ (၅၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Takehiko Nakao တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၄ ရက်တွင် ကမ္ဘာ့ဘဏ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa နှင့် လည်းကောင်း၊ မေ ၆ ရက်တွင် ဂျပန်ဘဏ်၏ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ Senior Managing Director Mr. Nobumitsu HAYASHI နှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ ဥက္ကဋ္ဌ Mr. Takehiko Nakaoတို့နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီရေး၊ ရှေ့ဆက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့်အညီ အကောင်အထည်ဖော်နေသည့် ဦးစားပေးလုပ်ငန်းများတွင် ဆက်လက်ပံ့ပိုးကူညီပေးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြိတ်မြို့ ပညာပန်းခင်းစာကြည့်တိုက်တွင် စာပေချစ်သူများအတွက် အကျိုးပြုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး ဆွေးနွေး

**မြိတ် မေ ၇**

စာကြည့်တိုက်များ ရေရှည်ရှင်သန်ရေးအတွက် စာဖတ်ပရိသတ်၏အခန်းကဏ္ဍမှာ အရေးပါလျက်ရှိရာ စာကြည့်တိုက်သို့ အစဉ်လာရောက် လေ့လာဖတ်ရှုသည့် စာဖတ်ပရိသတ်များအတွက် အကျိုးပြုစေမည့် သင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပညာပန်းခင်းစာကြည့်တိုက်၌ မေ ၅ ရက်က မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ မီဒီယာများနှင့် စာရေးဆရာများ ပူးပေါင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးရာတွင် အခမ်းအနားမှူးသင်တန်း၊ စကားပြောသင်တန်း၊ ရုံးလုပ်ထုံးလုပ်နည်းသင်တန်းများနှင့် စာပေဟောပြောပွဲများကို စာဖတ်ပရိသတ်များအတွက် အကျိုးပြုအဖြစ် ဖွင့်လှစ်ကျင်းပမည့် အစီအစဉ်များကို မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဝါဝါခိုင်၊ ပညာပန်းခင်းစာကြည့်တိုက်မှူး စာရေးဆရာ ဝင်းမြအောင်(မြိတ်)၊ နေရာတကာဂျာနယ်မှတာဝန်ခံ ဦးသောင်းထွန်းတို့က ပူးပေါင်းဆွေးနွေးခဲ့ ကြသည်။

ထို့နောက် စာကြည့်တိုက်သို့ လာရောက်၍ စာအုပ်စာပေဖတ်ရှုသည့် စာဖတ်ပရိသတ်များအား ဆွေးနွေးပွဲတက်ရောက်လာကြသည့် မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် စာရေးဆရာများက စာကြည့်တိုက် ရေရှည်ရှင်သန်ရေးအတွက် စာဖတ်သူ၏ အခန်းကဏ္ဍနှင့် ရွှေ့လျားစာကြည့်တိုက်အကြောင်းအရာများကို ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၇**

ရန်ကုန်(ရွှေဈေး) ၉၃၈၈၀၀ - ၉၃၈၈၀၀ မန္တလေး(ရွှေဈေး) ၉၃၈၈၀၀ - ၉၃၈၈၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၈၇၅/၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၆၀ ကျပ်၊ | ၈၃၀/၉၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၅ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၆၀ ကျပ်၊ | ၈၈၅/၉၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၈/၈၃၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၇. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၀၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၃၃၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၉၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၉၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၄. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၀၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၀. ၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၇. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တန်းတူရည်တူ အခွင့်အရေးပေးတဲ့ ဥပဒေတွေ

ပြည်သူလူထုရဲ့ဘဝအပေါ်မှာ၊ နိစ္စဓူဝတွေအပေါ်မှာ ဘယ်လိုသက်ရောက်မှု ရှိသလဲ။ တကယ်ပဲ တည်ငြိမ်မှု၊ လုံခြုံမှု၊ အားလုံးအတွက် တန်းတူရည်တူ အခွင့်အရေးပေးတဲ့ဥပဒေတွေ ဟုတ်သလား၊ မဟုတ်သလားဆိုတာ နောက်ဆုံး ပြည်သူက ဆုံးဖြတ်ရမှာ။ ပြည်သူရဲ့ ဆုံးဖြတ်ချက်ကို ဘယ်သူတွေက အကောင်အထည်ဖော်ရမလဲဆိုတော့ ပထမဦးဆုံး လွှတ်တော်က အကောင်အထည်ဖော်ရမှာပေါ့။ ဥပဒေတွေက တကယ်ပဲ ပြည်သူလူထုအတွက် အကျိုးပြုတဲ့ ဥပဒေတွေဖြစ်ရဲ့လားဆိုတာ လွှတ်တော်ကနေ ဆုံးဖြတ်ပြီးတော့ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက်တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# IOM X Myanmar Campaign ဗီဒီယိုဇာတ်လမ်းတိုများ မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် မေ ၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း IOM တို့ပူးပေါင်း၍ IOM X Myanmar Campaign ဗီဒီယိုဇာတ်လမ်းတိုများ မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Hilton Hotel ၌ ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကိုယ်စားလှယ်များ၊ IOM၊ INGO၊ NGO မှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဓိကအကြောင်းအရာလေးခုဖြစ်သည့် ရွှေ့ပြောင်းသွားလာခြင်း အကြောင်းအရင်း၊ မိသားစုလွှဲပို့ငွေအပေါ် စီမံခန့်ခွဲခြင်း၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများနှင့် ရွှေ့ပြောင်းအလုပ်သမား ထောက်ပံ့ကူညီရေးဗဟိုဌာနများမှ သတင်းအချက်အလက်ရယူခြင်း၊ စာချုပ်ချုပ်ဆိုခြင်းနှင့် ခရီးဆုံးနိုင်ငံတွင် သတင်းအချက်အလက်များရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ပါဝင်သည့် ဗီဒီယိုဇာတ်လမ်းတိုများကို ပြည်သူလူထုထံချပြနိုင်ရန် မိတ်ဆက်ပေးခြင်းဖြစ်ကြောင်း၊ ယင်းဇာတ်လမ်းတိုများသည် မြန်မာနိုင်ငံမြို့ပြနှင့် ကျေးလက်ဒေသတွင် နေထိုင်ကြသည့် အသက် ၁၈ နှစ်မှ ၄၀ အကြား လူငယ်အမျိုးသား၊ အမျိုးသမီးများ ရွှေ့ပြောင်းသွားလာနေထိုင်ရန် ရည်ရွယ်ချက်ရှိသူများအတွက် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များသိရှိခြင်း၏ အရေးကြီးမှုနှင့် ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များကို မည်သည့်နေရာတွင် ရရှိနိုင်မည်ကို သိရှိစေရန်ရည်ရွယ်၍ ပညာပေးဇာတ်လမ်းအနေဖြင့် ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော် ရွှေ့ပြောင်းသွားလာနေသည့် ရွှေ့ပြောင်းအလုပ်သမားများကို အလွဲသုံးစားအမြတ်ထုတ်ခံရခြင်း လျှော့ချနိုင်ရန်နှင့် ရွှေ့ပြောင်းသွားလာနေထိုင်မှု ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များအတွက် လိုအပ်သည့်သတင်းအချက်အလက်များရရှိစေရန်ဖြစ်ကြောင်း၊ IOM X Myanmar Campaign သည် ရည်ရွယ်ထားသူများထံ လုံခြုံစိတ်ချရပြီး အကျိုးရှိသည့် ရွှေ့ပြောင်းသွားလာခြင်း အစီအစဉ်များ ရောက်ရှိစေရန် မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့် အင်တာနက်စာမျက်နှာ၊ Facebook စာမျက်နှာစသည့် လူမှုကွန်ရက်များမှ မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းအတွက် သိသင့်သိထိုက်သည့် သတင်းအချက်အလက်များ အဆင့်ဆင့်ကို ဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

Migration X Safe Migration Information Campaign တွင် "လုံခြုံစိတ်ချရပြီး ကောင်းမွန်စွာ ရွှေ့ပြောင်းသွားလာနေထိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်များရယူပါ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဖြစ်စေရန် အင်တာနက်စာမျက်နှာ၊ Facebook စာမျက်နှာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်မျှဝေခြင်းဖြင့် နိုင်ငံတစ်ဝန်းရှိ အများပြည်သူထံ ပျံ့နှံ့သက်ရောက်စေရန် မျှော်မှန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့်အတူ မေ ၆ ရက် နံနက်ပိုင်းတွင် ပုသိမ်-မုံရွာလမ်း(ပဒါန်း-ကန်ဇွန်းမအပိုင်း)ပေါ်ရှိ မဲဇလီတံတားသို့ ရောက်ရှိပြီး တံတားအနီး ယာယီရှင်းလင်းဆောင်တွင် တံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးနေအောင်ရဲမြင့်က မဲဇလီကြိုးတံတား ကြံ့ခိုင်မှု စစ်ဆေးဆောင်ရွက်ချက်နှင့် ယာယီတံတား တည်ဆောက်မည့် စီမံချက်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တံတားကြီး၏ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်ပြီး တံတားကြီးအားပြင်ဆင်ရန်နှင့် ပြင်ဆင်နေစဉ် လမ်းပန်းဆက်သွယ်မှု မပြတ်စေရေးအတွက် ယာယီတံတား အမြန်ဆုံးဆောင်ရွက်ရန် မှာကြားပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကာ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူ-ပခုက္ကူ လမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၅)မှ တာဝန်ယူတည်ဆောက်နေသော ယောချောင်း တံတား(ကံတွင်း)သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ရေလယ်တိုင် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ အဆိုပါလမ်းမကြီးနှင့် ဆက်သွယ်ပြီး ကျေးရွာ ၅၈ ရွာကို အကျိုးပြုသည့် နွယ်တမယ်- သရက်တော ကျေးလက်လမ်း ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် မင်းဘူး-စလင်း-တညောင်လမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၅)မှ တည်ဆောက်နေသော မုန်းချောင်း တံတား(ပွင့်ဖြူ)သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

မုန်းချောင်းတံတား(ပွင့်ဖြူ)ဟောင်းသည် တစ်လမ်းမောင်း ဘေလီတံတားဖြစ်ပြီး မော်တော်ယာဉ်များ တစ်စီးပြီးမှ တစ်စီး စောင့်ဆိုင်းသွားလာရသည့်အတွက် တိုးတက်လာသော မော်တော်ယာဉ်များကြောင့် အချိန်ကြန့်ကြာမှုများ ရှိခဲ့သည်။ ခရီးသွားပြည်သူများ အဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၅)မှ နှစ်လမ်းမောင်း ကွန်ကရစ်တံတားသစ်ကို တည်ဆောက်ခဲ့ပြီဖြစ်ပြီး ယခုအခါ Super Structure လုပ်ငန်းများအားလုံး ပြီးစီးနေပြီ ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတံတား(မကွေး) မင်းဘူးဘက်ကမ်းသို့ ရောက်ရှိပြီး တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြံ့ခိုင်မှုစစ်ဆေးရန် လိုအပ်ချက်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

ညနေပိုင်းတွင် မကွေးမြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် မကွေးတိုင်းဒေသကြီး အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲကို စင်ကာပူ၌ ကျင်းပဖွယ်ရှိဟု သတင်းများပေါ်ထွက်

**ဆိုးလ် မေ ၇**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်တို့၏ ထိပ်သီးဆွေးနွေး ပွဲကို စင်ကာပူနိုင်ငံ၌ ကျင်းပဖွယ်ရှိသည်ဟု သတင်းများ ပေါ်ထွက်လျက်ရှိကြောင်း အေအက်ဖ်ပီသတင်း ဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

လက်ရှိ အမေရိကန် သမ္မတတစ်ဦးနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ မကြုံစဖူး ထူးထူး ခြားခြား ထိပ်သီးဆွေးနွေးပွဲကို လာမည့်လအတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပဖွယ်ရှိသည်ဟု ယနေ့တွင် မီဒီယာသတင်းများ ပေါ်ထွက်လာသည်။

မိမိနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ ဆွေးနွေးပွဲကို ကျင်းပနိုင်ရန် ရက်သတ်မှတ်ထားပြီး ဖြစ်သကဲ့သို့ တွေ့ဆုံမည့်နေရာနှင့် ပတ်သက်၍လည်း သတ်မှတ်ထားပြီးဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြီးခဲ့သည့်ရက်သတ္တပတ်ကုန်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။ သို့ရာတွင် အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိ ပေ။




နှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲအစီအစဉ်ကို မကြာမီ ထုတ်ပြန်ကြေညာမည်ဟုလည်း သမ္မတထရန့်က ပြောကြားခဲ့သည်။

သမိုင်းဝင် သမိုင်းတွင်ရစ်မည့် ထိပ်သီးဆွေးနွေး ပွဲကို ဇွန်လလယ်တွင် ကျင်းပဖွယ်ရှိသည်ဟု တောင် ကိုရီးယားနိုင်ငံ၌ ထုတ်ဝေသော ချိုဆွန်းအီလ်ဘို သတင်းစာက ယနေ့တွင် ရေးသားဖော်ပြသည်။ သမ္မတ ဒေါ်နယ်ထရန့်၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်၏ ပြောကြားချက်ကို ကိုးကား၍ သံတမန်သတင်းရပ်ကွက်က ဖော်ပြသည်ဟု ဆိုသည်။

ထိပ်သီးဆွေးနွေးပွဲကို စင်ကာပူနိုင်ငံ၌ ကျင်းပ ဖွယ်ရှိကြောင်း အဆိုပါသတင်းစာက ရေးသားဖော်ပြ သည်။ တောင်ကိုရီးယား သမ္မတ မွန်းဂျယ်အင်းသည် ယခုလနှောင်းပိုင်းတွင် သမ္မတထရန့်အား အိမ်ဖြူ တော်၌ တွေ့ဆုံသည့်အခါ တိကျသော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မည်ဖြစ်သည်။

အမေရိကန် သမ္မတ၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်နှင့် တောင်ကိုရီးယား သမ္မတ၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ချန်း ဟွေယန်းတို့သည် ပြီးခဲ့သည့် သီတင်းပတ်နှောင်းပိုင်းက မြို့တော်ဝါရှင်တန်၌ တွေ့ဆုံခဲ့ကြရာတွင် ထိပ်သီး ဆွေးနွေးပွဲ ကျင်းပမည့်နေရာနှင့်ပတ်သက်၍ ဆွေးနွေး ခဲ့သည်ဆို၏။ **(အပေါ်ပုံ)**

စင်ကာပူနိုင်ငံသည် ထိပ်သီးဆွေးနွေးပွဲ ကျင်းပ မည့် နေရာအဖြစ် အလားအလာကောင်းကြောင်း တောင်ကိုရီးယား ယွန်ဟပ် သတင်းဌာနကလည်း သတင်းထုတ်ပြန်ခဲ့သည်။

**အေအက်ဖ်ပီ**



# ရုရှားသမ္မတ ဗလာဒီမာပူတင် စတုတ္ထမြောက်သက်တမ်း စတင်ထမ်းဆောင်

**မော်စကို မေ ၇**

ပြိုင်ဘက်အနောက်အုပ်စုနိုင်ငံများနှင့် တင်းမာမှုများ ဖြစ်ပေါ်နေချိန်တွင် ရုရှားနိုင်ငံအား ဆယ်စုနှစ် နှစ်ခုနီးပါးကြာမျှ အုပ်စိုးလာခဲ့သည့် ဗလာဒီမာပူတင်သည် နောက်ထပ်သက်တမ်းခြောက်နှစ်ရှိ သမ္မတရာထူးတွင် ယနေ့ စတင်တာဝန် ထမ်းဆောင်ကြောင်း၊ ယင်းမှာ ၎င်း၏ စတုတ္ထအကြိမ်မြောက် သမ္မတရာထူး သက်တမ်းလည်းဖြစ်ကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

ယခုနှစ် မတ်လအတွင်းက ကျင်းပခဲ့သည့် ရုရှားသမ္မတရွေးကောက်ပွဲ၌ အနိုင်ရခဲ့သည့် အသက် ၆၅ နှစ်ရှိသည့် ရုရှားသမ္မတ ပူတင်သည် ၁၉၉၉ ခုနှစ်တွင် စတင်အာဏာရရှိခဲ့ပြီး ယခင်ဆိုဗီယက်ခေါင်းဆောင်ဟောင်း ဂျိုးဇက် စတာလင်ပြီးလျှင် အာဏာရရှိမှု သက်တမ်းအရှည်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။

၎င်း၏ အဓိကပြိုင်ဘက်ကို သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပိတ်ပင်ခဲ့ပြီး ရုရှားသမ္မတ ရွေးကောက်ပွဲ၌ ပူတင်က ထောက်ခံမဲ ၇၇ ရာခိုင်နှုန်းနီးပါးကို ရရှိခဲ့သည်။

စတုတ္ထအကြိမ် သမ္မတရာထူးသက်တမ်းကာလတွင် တိုင်းပြည်၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် ကြိုးပမ်းသွားမည်ဟု ပူတင်က ကတိပြုခဲ့သော်လည်း ၎င်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှု အများအပြားနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။

### ဓာတ်ပုံရိုက်ယူ

ကရင်မလင်နန်းတော်ရှိ အန်ဒရေယက်ခန်းမတွင်း ကော်ဇောနီခင်းထားသည့် လျှောက်လမ်းပေါ်တွင် လမ်းလျှောက် လာသည့် ရုရှားသမ္မတ ဗလာဒီမာပူတင်အား သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် ဂုဏ်ထူးဆောင် ဧည့်ပရိသတ်တို့က ၎င်းတို့၏ လက်ကိုင်ဖုန်းများဖြင့် ဓာတ်ပုံများရိုက်ယူကြသည်။

သမ္မတရာထူး ကျမ်းကျိန်ပွဲ အခမ်းအနားသို့ ဗလာဒီမာပူတင်က အနက်ရောင် ရုရှားနိုင်ငံလုပ် ဇိမ်ခံမှန်လုံကားကို စီးနင်းလာခဲ့ပြီး ယခင်အကြိမ် သမ္မတရာထူးလက်ခံပွဲသို့ လာရောက်စဉ်ကမူ မာစီဒီးစ် အမျိုးအစားကားကို စီးနင်းခဲ့သည်။

**အေအက်ဖ်ပီ**

# နယ်စပ်ဖြတ်ကျော်၍ အစ္စရေးဘက် ဝင်ရောက်ရန် ကြိုးပမ်းသည့် ပါလက်စတိုင်းများအား အစ္စရေးစစ်ဘက်မှ ပစ်ခတ်၍ သုံးဦး သေဆုံး

**ဂါဇာ မေ ၇**

ဂါဇာတောင်ပိုင်းဒေသရှိ နယ်စပ်ဒေသကို ဖြတ်ကျော်ကာ အစ္စရေးနိုင်ငံဘက်သို့ ဝင်ရောက်ရန် ကြိုးပမ်းသော ပါလက်စတိုင်းလူမျိုး အုပ်စုတစ်စုကို မေ ၆ ရက်တွင် အစ္စရေးစစ်ဘက်က ပစ်ခတ်ခဲ့ရာ ပါလက်စတိုင်း လူမျိုး သုံးဦးသေဆုံးကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြ သည်။

လူလေးဦးပါဝင်သော ပါလက်စတိုင်းအုပ်စုတစ်စုသည် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးပိုင်နက်နှင့် ပိုင်းခြား ထားသည့် ခြံစည်းရိုးကိုဖြတ်သန်း၍ အစ္စရေးပိုင်နက် နယ်မြေအတွင်းသို့ ဝင်ရောက်နိုင်ရန် ကြိုးပမ်းသဖြင့် အစ္စရေးတပ်ဖွဲ့များက ပစ်ခတ်ခဲ့ရကြောင်း အစ္စရေးစစ်ဘက် က ပြောကြားသည်။

သေဆုံးသူသုံးဦးအနက် နှစ်ဦးမှာ အသက် ၂၃ နှစ် အရွယ်ရှိ ဆာဟာ ကူဒီယက်နှင့် အသက် ၂၀ အရွယ်ရှိ မိုဟာမက် အဘူရီဒါတို့ ဖြစ်ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းလုပ်ရပ်သည် အစ္စရေးစစ်ဘက်၏ လုံခြုံရေး ဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ နိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖောက်ခြင်းဖြစ်ပြီး ယင်း လုပ်ရပ်ကို ဟန့်တားနိုင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

### ၅၁ ဦးသေ

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးစစ်ဘက်က ပိတ် ဆို့ထားမှု အဆုံးသတ်ရေးအတွက် ရက်သတ္တခြောက်ပတ် ကြာမျှ ဂါဇာ-အစ္စရေးနယ်စပ်တစ်လျှောက်တွင် ပါလက် စတိုင်းများက ဆန္ဒပြခဲ့ကြရာ ပါလက်စတိုင်း လူမျိုး ၅၁ ဦး သေဆုံးခဲ့ရပြီး အစ္စရေးစစ်ဘက်မှ ထိခိုက်သေဆုံးမှု မရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းဆန့်ကျင်ဆန္ဒပြမှုများအတွက် ဟားမားစ်စစ်သွေး ကြွအဖွဲ့တွင် တာဝန်ရှိကြောင်းနှင့် ဟားမားစ်အဖွဲ့က ၎င်း တို့၏ အကျိုးစီးပွားအတွက် ဆန္ဒပြသူများကို အသုံးချနေ ကြောင်း အစ္စရေးက ပြောကြားသည်။ **အေအက်ဖ်ပီ**

# အကြမ်းဖက်သမားများကို ချေမှုန်းနိုင်ရေး ထိုးစစ်များဆင်နွှဲမည်ဟု တူရကီသမ္မတ ပြော

**အစ္စတန်ဘူလ် မေ ၇**

ဇွန်လ ၂၄ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲအပြီးကာလ တွင် နယ်စပ်ဖြတ်ကျော်ထိုးစစ်ဆင် တိုက်ခိုက်မှုများပြုလုပ် ကာ အကြမ်းဖက်သမားများကို ချေမှုန်းသွားမည်ဖြစ်ကြောင်း တူရကီသမ္မတ ရေစစ်တေယစ် အာဒိုဂန်က ပြောကြား လိုက်သည်။

အာဏာရပါတီဖြစ်သော တရားမျှတမှုနှင့် ဖွံ့ဖြိုးရေး ပါတီ (အေကေပီ) ၏ ရွေးကောက်ပွဲဆိုင်ရာ ကြေညာ စာတမ်းကို အစ္စတန်ဘူလ်မြို့၌ မေ ၆ ရက်က ထုတ်ပြန် ရာတွင် သမ္မတအာဒိုဂန်က အထက်ပါအတိုင်း ပြောကြား ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် ကာ့ဒ်ပြည်သူ့စစ် အဖွဲ့နှင့် အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင် အက်စ်) အမည်ရှိ အစွန်းရောက်အုပ်စုတို့ကို စစ်ဆင်ရေး များ ဆင်နွှဲကာတွန်းလှန်ချေမှုန်းခဲ့သည့်နည်းတူ မိမိတို့နိုင်ငံ ၏ နယ်စပ်ဒေသ၌ ခိုအောင်းနေသော အကြမ်းဖက်သမား များကို ချေမှုန်းနိုင်ရန် ရွေးကောက်ပွဲအပြီးကာလတွင် နယ်စပ်ဖြတ်ကျော် ထိုးစစ်ဆင်မှုများ ပြန်လည်ပြုလုပ်မည် ဖြစ်ကြောင်း သမ္မတအာဒိုဂန်က ရွေးကောက်ပွဲ ကြေညာ စာတမ်းထုတ်ပြန်သည့် အခမ်းအနားတွင် ၎င်းအားထောက်ခံ သူ လူထောင်ပေါင်းများစွာတို့ကို ပြောကြားသည်။

တူရကီနိုင်ငံ၌ ဇွန်လ ၂၄ ရက်တွင် ပါလီမန်ရွေး ကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲတို့ကို ကျင်းပရန် စီစဉ်ထားသည်။

သမ္မတ အာဒိုဂန်သည် ကာကွယ်ရေးဆိုင်ရာ စက်မှု လုပ်ငန်းဖွံ့ဖြိုးရေး ရည်မှန်းချက်နှင့် ပတ်သက်၍လည်း ထုတ်ဖော်ပြောဆိုခဲ့သည်။ မိမိတို့နိုင်ငံရှိ ကာကွယ်ရေး ဆိုင်ရာစက်မှုလုပ်ငန်းကဏ္ဍသည် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ များအတွက် စစ်လက်နက်ပစ္စည်းများကို ပြည်တွင်း၌ ရာခိုင်နှုန်းပြည့် ထုတ်လုပ်သွားရန် ရည်မှန်းကြောင်း၊ ပြည်တွင်း၌ မော်တော်ယာဉ် ထုတ်လုပ်မည့်စီမံကိန်းနှင့် စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်မည့် စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်း၊ ဆင်းရဲ မွဲတေမှု လျှော့ချရေးလုပ်ငန်းတို့မှာလည်း အာဏာရပါတီ၏ ရည်မှန်းချက်ပန်းတိုင်များတွင် ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။ **အေအက်ဖ်ပီ**





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဂျပန်သံအမတ်ကြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပညာရည် မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ပနိုင်ငံများအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ အခြေအနေအမှန်ကို သိရှိလေ့လာသုံးသပ်ပြီး တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် ကိစ္စ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့်ကိစ္စ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းသောဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်သူ့ငွေစာရင်းကော်မတီများအကြား ဘတ်ဂျက်စိစစ်ခြင်းနှင့် စိန်ခေါ်မှုများအဖြေရှာခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၇**

ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များရှိ ပြည်သူ့ငွေစာရင်းကော်မတီများအကြား ဘတ်ဂျက်စိစစ်ခြင်း အတွေ့အကြုံများ ဖလှယ်ခြင်းနှင့် စိန်ခေါ်မှုများ အဖြေရှာခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် International IDEA အဖွဲ့တို့ပူးပေါင်း၍ ဥရောပသမဂ္ဂ၏ My Governance Project အစီအစဉ်ဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် သဘင်ဆောင်၌ ကျင်းပသည်။





အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ဘတ်ဂျက်ဆိုင်ရာ လေ့လာစိစစ်သည့်ဆွေးနွေးပွဲ ဖြစ်ပါကြောင်း၊ ဘတ်ဂျက်နှင့်ပတ်သက်၍ လေ့လာစိစစ်ရာတွင် တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ရငွေ၊ ဝင်ငွေများကို မည်သည့်စီမံကိန်းများတွင် အသုံးပြုရာ၌ တိုင်းပြည်အတွက်၊ ပြည်သူများအတွက် အမှန်တကယ်အကျိုး ရှိ၊ မရှိ စိစစ်ပေးရန်လိုပါကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိမည့် စီမံကိန်း ဟုတ် မဟုတ်၊ စီမံကိန်းနှင့် ဘတ်ဂျက်သဟဇာတဖြစ်မဖြစ် စိစစ်ပေးရန်လိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ လူနေမှုဘဝ မြင့်မားတိုးတက်ရန်အတွက် တိုင်းပြည်၏ဘဏ္ဍာငွေကို စနစ်တကျသုံးစွဲရန်နှင့် စီမံကိန်းများဆောင်ရွက်ရာတွင် အကျိုးရှိရှိသုံးစွဲရန် အရေးကြီးပါကြောင်း၊ လွှတ်တော်များရှိ ပြည်သူ့ငွေစာရင်းကော်မတီများအနေဖြင့် တိုင်းပြည်၏ စီမံကိန်း၊ ဘတ်ဂျက်၊ ပြည်သူ့ဘဏ္ဍာငွေများကို အစိုးရက အမှန်တကယ် စနစ်တကျသုံးစွဲနိုင်ရေးအတွက် စိစစ်ရန်အရေးကြီးပါကြောင်း၊ ဘတ်ဂျက်သည် နိုင်ငံတစ်နိုင်ငံ၏ မည်သည့်ကဏ္ဍများတွင် မည်သို့သုံးစွဲသည်ကို ဌာန၊ အဖွဲ့အစည်းများက ငွေပမာဏအားဖြင့် ရေးဆွဲလျာထားပြုစုတင်ပြရသည့် စာရင်းတစ်ခုဖြစ်ပါကြောင်း၊ ဘတ်ဂျက်လုပ်ငန်းသည် အစိုးရနှင့် လွှတ်တော်ပူးတွဲလုပ်ဆောင်ရသည့်လုပ်ငန်း ဖြစ်ပါကြောင်း၊ လွှတ်တော်၏ကဏ္ဍသည် ဥပဒေပြုရေးကို အဓိကထားပါကြောင်း၊ ဘတ်ဂျက်စိစစ်ခြင်းသည် ပြည်သူ့ကိုယ်စားဆောင်ရွက်ရသည့်လုပ်ငန်းလည်းဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို ဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စိစစ်ပေးရန်လိုအပ်ပါကြောင်း စသည့် ဘတ်ဂျက်စိစစ်ခြင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးအောင်မင်းက အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် နောက်ခံအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂမှ Mr.JohannHesse, Head of Cooperation က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များရှိ ဘတ်ဂျက်ဆန်းစစ်ခြင်းဆိုင်ရာကော်မတီများမှ ဘတ်ဂျက်နှင့် စီမံကိန်းဥပဒေများကို လေ့လာဆန်းစစ်ရာတွင် ကြုံတွေ့ရသောစိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းက အရအသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ခြုံငုံသုံးသပ်တင်ပြခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရှိ ပြည်သူ့ငွေစာရင်းကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ International IDEA Myanmar မှ Mr. MarkMc Dowell၊ EU/GOPA၊ ဘယ်လ်ဂျီယံနိုင်ငံ လွှတ်တော်ကိုယ်စားလှယ် Mr. HendrikBogaert၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသောကိုယ်စားလှယ်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို မေ ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဘိဓဇ အဂ္ဂမဟာ ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဒီပင်္ကရာပရိယတ္တိစာသင်တိုက်၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးတို့အား ဂုဏ၀ိသိဋ္ဌပူဇာ မင်္ဂလာနှင့် အဘိဓဇ အဂ္ဂမဟာ ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘန ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ဒီပင်္ကရာကျောင်းတိုက်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှလှူဒါန်းသော ဆွမ်းပဒေသာပင် အလှူငွေကျပ် သိန်း ၃၀ ကို ပြည်ထောင်စုဝန်ကြီးက ဂေါပကဥက္ကဋ္ဌ ဦးအုန်းသာထံသို့ လွှဲပြောင်းလှူဒါန်းပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ထံ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ဘဒ္ဒန္တစန္ဒဝံသအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးကလည်းကောင်း၊ မဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တယုဇနအား ကော်မတီဥက္ကဋ္ဌဆရာကြီး ဦးမြင့်ဖေကလည်းကောင်း၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တနိမ္မလအား ဂေါပကဥက္ကဋ္ဌ ဦးအုန်းသာကလည်းကောင်း လှူဖွယ်ဝတ္ထုများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အနုမောဒနာတရားနာယူကြည်ညိုကြသည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ သွားရောက်ကြည့်ရှုကြရာ ပြတိုက်တာဝန်ခံက လိုက်လံရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဗဟိုဘဏ်နှင့်သက်ဆိုင်သောကဏ္ဍများ၌ နှောင့်နှေးမှုမရှိစေရေး မှာကြား

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် သည် ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များအား လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ မှာကြားသည့် အစည်းအဝေးကို မေ ၄ ရက် နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အစည်းအဝေး၌ ချမှတ်သောမူဝါဒများကို ဝန်ထမ်းအကြီးအကဲများက ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ လုပ်ငန်းများကို ပိုမိုမြန်ဆန်အောင် ဆောင်ရွက်ရေး၊ ICT နည်းပညာကိုအသုံးပြု၍ ဝန်ဆောင်မှုများကို ထိရောက်မြန်ဆန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်နှင့် e-Government ကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ Cyber Security ကို အထူးဂရုပြုဆောင်ရွက်ရေး၊ Doing Business အဆင့် တိုးတက်ရေးအတွက် ဗဟိုဘဏ်နှင့် သက်ဆိုင်သောကဏ္ဍများ၌ နှောင့်နှေးမှုမရှိစေရန် ဆောင်ရွက်ရေးနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ပိုမိုတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးမဏ္ဍိုင်မြှင့်တင်ဖို့ လက်တွဲညီညာဆောင်ရွက်စို့

**(ယမန်နေ့မှအဆက်)**

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးအသိနိုးကြားစေရန် တက်ကြွစွာ ဆောင်ရွက်ရပေမည်။ လမ်းလျှောက်ခြင်းကဲ့သို့ ကိုယ်လက်လှုပ်ရှားအားကစားများကို ဒီဇင်ဘာအားကစားလမှသာ ဆောင်ရွက်ခြင်းမပြုဘဲ နွေ၊ မိုး၊ ဆောင်းရာသီအလိုက် သင့်တော်ရာ အားကစားများကို စမ်းသပ်ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ အုပ်ချုပ်ရေးမှူးအဆင့်ဆင့်၏ စိတ်ပါဝင်စားအားပေးမှု၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူးများ၏ စည်းရုံးရေးစွမ်းရည် ကောင်းမွန်မှု၊ အားကစားဝန်ကြီးဌာနမှ လူငယ်များလက်ဝယ်သို့ အားကစားပစ္စည်းများ ပံ့ပိုးပေးမှု၊ ကလေးသူငယ်များနှင့် လူငယ်များအား အားကစားစွမ်းရည်များ၊ စည်းကမ်းများ၊ အားကစားစိတ်ဓာတ်များ ပြည့်ဝစေရန် အားကစားနည်းအလိုက် သင်တန်းများ ပို့ချပေးခြင်း၊ ဘောလုံးကွင်းများ ဖောက်လုပ်ပေးခြင်း၊ ပြိုင်ပွဲများ ကျင်းပစီစဉ်ပေးခြင်း၊ အားကစားသိပ္ပံ ဗဟုသုတများနှင့် ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကိုလည်း တိုးတက်စေမည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်သော ထူးချွန်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းနိုင်မည် ဖြစ်ပါသည်။

ကလေးသူငယ်များနှင့် လူငယ်များသည် နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များဖြစ်သဖြင့် ၎င်းတို့အား အခြေခံကိုယ်လက်လှုပ်ရှားအားကစားကို အခြေခံကျောင်းများမှစ၍ စတင်ဆောင်ရွက်ပေးခြင်း၊ ထူးချွန်သူများအား ပညာရေးစရိတ်ထောက်ပံ့ပေးခြင်း၊ အားကစားလွယ်ကူစွာဆောင်ရွက်နိုင်ရန် စီစဉ်ပေးခြင်း၊ ထူးချွန်မှုများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အောင်မြင်မှုများအတွက် အားကစားအဆင့်ကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အားကစားအတွေ့အကြုံ ဗဟုသုတများနှင့် ဆန်းသစ်တီထွင်မှုများရှိလာရန် မြေတောင်မြှောက်ပေးခြင်း၊ အားကစားစီမံခန့်ခွဲရေးလုပ်ငန်းကို ထိရောက်စွာအသုံးပြုခြင်း၊ ကြေးစားအားကစားသမားများကို မွေးမြူခြင်း၊ စနစ်တကျထောက်ပံ့၍ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ နိုင်ငံ့ဂုဏ်ဆောင်သော အားကစားသမားများနှင့် အားကစားဝန်ထမ်းများကို ငွေကြေးနှင့် လူမှုဖူလုံရေးအထောက်အပံ့များ ပေးအပ်ခြင်း၊ အားကစားသမားများ၏ ဘဝအာမခံချက်ရရှိရန် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူထုဆက်ဆံရေးကိရိယာ (မီဒီယာ)များဖြင့် လှုံ့ဆော်ပညာပေးခြင်းသည် အရေးကြီးသောလုပ်ငန်းဖြစ်သဖြင့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာရန် မူလတန်းကျောင်း၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ အသက်မွေးဝမ်းကျောင်းများရှိ လူငယ်များအထိ ကျန်းမာရေး၏တန်ဖိုး၊ အားကစားစိတ်ဓာတ်များ စိမ့်ဝင်ပျံ့နှံ့စေရန် တွန်းအားပေးဆောင်ရွက်သင့်ပါသည်။ ရပ်ကွက်၊ ကျေးရွာရှိ ကျား၊ မ လူငယ်များ အားကစားကွင်းသို့ ရောက်ရှိလာရန် စည်းရုံးဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်၊ ကွမ်းယာနှင့် ကျန်းမာရေးထိခိုက်စေသော အမူအကျင့်များ ပပျောက်သော ကောင်းမွန်သည့် ကျန်းမာရေးစနစ်တစ်ခု အမြန်ပေါ်ပေါက်လာရန် လိုအပ်လျက်ရှိပါသည်။

ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်ရေးအတွက် လူတိုင်းကျန်းမာရေးအသိရှိရန်

> **“ရပ်ကွက်၊ ကျေးရွာရှိ ကျား၊ မ လူငယ်များ အားကစားကွင်းသို့ ရောက်ရှိလာရန် စည်းရုံးဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်၊ ကွမ်းယာနှင့် ကျန်းမာရေးထိခိုက်စေသော အမူအကျင့်များ ပပျောက်သော ကောင်းမွန်သည့် ကျန်းမာရေးစနစ်တစ်ခု အမြန်ပေါ်ပေါက်လာရန် လိုအပ်လျက်ရှိ”**

လိုပါသည်။ အားကစားကို မြတ်နိုးရန် လိုအပ်ပါသည်။ နေ့စဉ်လေ့ကျင့်ဆောင်ရွက်ရပါမည်။ ကျန်းမာစွာ ကျင့်ကြံပြုမူ နေထိုင်ခြင်းဖြင့် ပျော်ရွှင်ဖွယ်ကောင်းသော လူမှုဘဝကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်ခြင်းကို အခြေခံသည့် ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ့၊ မြားပစ်၊ တင်းနစ်၊ အလေးမ၊ ဂျူဒို၊ နပန်း၊ ကရာတေး၊ လှေလှော်ကစားနည်းကဲ့သို့ လူကြိုက်များသော ကစားနည်းများ၊ ရေလွှာလျှောစီးကဲ့သို့ စွန့်စားဆောင်ရွက်ရသည့် အားကစားနည်းများအား မီဒီယာများဖြင့် ထုတ်လွှင့်ပြသဆောင်ရွက်ပေးခြင်းဖြင့် အားကစားနည်းများအပေါ် စိတ်ဝင်စားမှုများပြားလာမည်ဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့်-

(က) လူထုအားကစားလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့်ပေါ်ထွန်းစေရန် ပညာပေးစည်းရုံးဆောင်ရွက်ခြင်း၊
(ခ) ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ နိုင်ငံအဆင့် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးခြင်း၊
(ဂ) ထူးချွန်ထက်မြက်သော လူငယ်များကို အားကစားနှင့် ပညာရေးတွဲဖက်၍ အားကစားသိပ္ပံကျောင်း၊ အားကစားအကယ်ဒမီများသို့ ပို့ဆောင်လေ့ကျင့်စေခြင်း၊ အဆင့်မြင့် နည်းပြများဖြင့် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊
(ဃ) အားကစားနည်းအလိုက် အောင်မြင်သည့်နိုင်ငံများသို့ စေလွှတ်လေ့လာသင်ကြားစေခြင်း၊
(င) နိုင်ငံတကာ အားကစား ဖိတ်ခေါ်ပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊
(စ) နိုင်ငံတကာ အားကစားတက္ကသိုလ်များသို့ ပညာတော်သင်စေလွှတ်ခြင်း၊
(ဆ) အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ အကောင်အထည်ဖော်ခြင်း၊
(ဇ) ပညာရေးစနစ်အဆင့်တိုင်းတွင် အားကစားပါဝင်စေရေး ဆောင်ရွက်ပေးခြင်း၊
(ဈ) အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် မြို့နယ်တိုင်းတွင် အားကစားနည်းပြ၊ အားကစားသရုပ်ပြနှင့် အားကစားမှူးများ လုံလုံလောက်လောက်ထားရှိခြင်း၊

## မင်းလပြည့်

(ည) အားကစားနည်းအလိုက် အသင်းအဖွဲ့၊ ကလပ်များ ဖွဲ့စည်းတည်ထောင်ပေးခြင်း၊ အားပေးခြင်း၊
(ဋ) စာအုပ်၊ စာပေ၊ ရေဒီယို၊ ရုပ်မြင်သံကြားများမှတစ်ဆင့် လူထုအား စဉ်ဆက်မပြတ်ရေးသားထုတ်လွှင့်ပြသပေးခြင်း၊
(ဌ) အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သူများအား ပင်စင်လစာ ခံစားခွင့်များကဲ့သို့ သင့်လျော်သည့် ခံစားခွင့်များရရှိစေရန် ဆောင်ရွက်ပေးသင့်ပါသည်။

ခန္ဓာကိုယ်ထွားကျိုင်းသန်မာပြီး ကြံ့ခိုင်မှုပြည့်ဝသော အားကစားသမားများ ပေါ်ထွန်းလာခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ ယှဉ်ပြိုင်အနိုင်ရရှိမှုကို မြတ်နိုးပြီး အရှုံးရလဒ်ကို တည်ငြိမ်စွာလက်ခံတတ်မှု၊ သတ်မှတ်ဥပဒေစည်းကမ်းများကို တိကျစွာလိုက်နာတတ်မှု၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ခံမှုစသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ပါသည်။

အချုပ်ဆိုရသော် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သော “တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး” အောင်မြင်စေရေးအတွက် ရည်မှန်းချက်ဖြစ်သော လူထုအားကစားလှုပ်ရှားမှု၊ အားကစားနှင့် ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအား မဟာဗျူဟာ၊ နည်းဗျူဟာလုပ်ငန်းစဉ်များချမှတ်၍ ရည်ရွယ်ချက်များ ပြည့်ဝစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဧပြီ ၇ ရက်နေ့တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးနေ့၏ “ပြည်သူအားလုံးကျန်းမာဖို့ စဉ်ဆက်မပြတ်ကြိုးပမ်းစို့” ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည့်မဏ္ဍိုင်ဖြစ်သော နိုင်ငံသားအားလုံးသည် ကျန်းမာကြံ့ခိုင်သောလူမျိုး၊ အသက်ရှည်ရာ အနာမဲ့သောလူမျိုး၊ အားကစားထူးချွန်သောလူမျိုး ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့လက်တွဲကူ၍ စည်းရုံးဖေးမကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ဇာတ်သဘင်ကဏ္ဍအလိုက် ကရင်ပြည်နယ်သဘင်ထူးချွန်ဆု ပထမအကြိမ် ချီးမြှင့်



**ဘားအံ မေ ၇**

ထူးချွန်ထက်မြက်သည့် ဇာတ်သဘင်ပညာရှင်များ ပေါ်ပေါက်လာစေရန်နှင့် ကျရာအခန်းကဏ္ဍမှ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဇာတ်သဘင်ပညာဖြင့် ထမ်းရွက်သယ်ပိုးနိုင်စေရန် ကရင်ပြည်နယ်သဘင်အစည်းအရုံးမှ ကြီးမှူး၍ ဇာတ်သဘင်ကဏ္ဍအလိုက် ထူးချွန်ဆုချီးမြှင့်ပွဲကို မေ ၅ ရက် ညနေ ၆ နာရီက ဘားအံမြို့ ချစ်သူမြိုင်အပန်းဖြေဥယျာဉ်၌ ကျင်းပသည်။

သဘင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် “ဇာတ်သဘင်နဲ့ ပတ်သက်လို့ စည်းကမ်းပိုင်းလိုက်နာမှု အားနည်းလာတဲ့အတွက် ကျွန်တော်တို့ အစည်းအဝေးထိုင်ပြီးတော့ ဆုတွေနဲ့ ထိန်းချုပ်ရင်ကောင်းမယ်၊ ဆုတွေမှာ စည်းမျဉ်းစည်းကမ်းတွေချမှတ်လိုက်ရင် စည်းကမ်းလည်းရှိသွားမယ်၊ ဆုလိုချင်စိတ်နဲ့ ပိုပြီးတော့ ကြိုးစားလာကြမယ်”ဟု ပြည်နယ်ဇာတ်သဘင်အစည်းအရုံး အတွင်းရေးမှူး စောရှားထူးဝေါ်က ပြောသည်။

ကရင်ပြည်နယ် သဘင်ထူးချွန်ဆုချီးမြှင့်ပွဲကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးဗဟိုဥက္ကဋ္ဌ ဦးဖိုးချစ်၊ ကရင်ပြည်နယ်သဘင်အစည်းအရုံးနာယက စောချစ်သူနှင့် ဥက္ကဋ္ဌ ဦးဖိုးထင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ကရင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးဗဟို ဥက္ကဋ္ဌ ဦးဖိုးချစ်တို့က ဂုဏ်ပြုချီးမြှင့်စကားပြောကြားကာ ကရင်ပြည်နယ်သဘင်အစည်းအရုံးနာယက စောချစ်သူအား သဘင်အစည်းအရုံးတိုးတက်မြင့်မားအောင် စွမ်းဆောင်ပေးခဲ့သောကြောင့် သဘင်အစည်းအရုံးဗဟိုမှ ဂုဏ်ထူးဆောင်ဆုတံဆိပ် ပေးအပ်ချီးမြှင့်ခဲ့သည်။ နာယက စောချစ်သူက ဝမ်းမြောက်ဂုဏ်ယူစကားပြောကြားကာ မြန်မာနိုင်ငံသဘင်အစည်းအရုံးဗဟိုသို့ ငွေကျပ်သိန်းတစ်ရာ ပေးအပ်လှူဒါန်းသည်။

“သဘင်ထူးချွန်ဆုချီးမြှင့်ဖို့ သမိုင်းမှာ ပထမဆုံးအကြိမ်လည်းဖြစ်တော့ ကျွန်တော့်အနေနဲ့ မဖြစ်မနေလာရမယ့် တာဝန်ရှိတဲ့အပြင် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုချင်တဲ့အတွက် ရောက်လာတာပါ၊ ဝမ်းလည်းသာပါတယ်၊ ပထမအကြိမ်ကနေ ဒုတိယအကြိမ်၊ တတိယအကြိမ် ဖြစ်လာဖို့၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သဘင်ထူးချွန်ဆုပေးပွဲတွေ ဖြစ်လာဖို့ စနစ်တကျလုပ်ဆောင်ဖို့ ပြင်ဆင်နေပါတယ်၊ ကိုယ့်နိုင်ငံ အမျိုးသားယဉ်ကျေးမှုဟာ အရေးကြီးပါတယ်၊ အခြားနိုင်ငံက ယဉ်ကျေးမှု လွှမ်းမိုးလာတာတွေကို ကာကွယ်ပြီးတော့ ကိုယ့်အစဉ်အလာကိုယ့်ယဉ်ကျေးမှု ဒီထက်ကိုတန်ဖိုးရှိလာအောင် ကြိုးစားကြရပါမယ်”ဟု မြန်မာနိုင်ငံ သဘင်အစည်းအရုံးဗဟိုဥက္ကဋ္ဌ ဦးဖိုးချစ်က ပြောသည်။

ကရင်ပြည်နယ်တွင် မြို့နယ်အဆင့် သဘင်အစည်းအရုံးများကို ဖွဲ့စည်းထားရှိပြီး ဇာတ်သဘင်အဖွဲ့ ၁၄ ဖွဲ့ရှိကာ တစ်ခေတ်တစ်ခါက နိုင်ငံကျော်သဘင်ပညာရှင်များအဖြစ် ဆရာကြီး စိန်မာတင်နှင့် ဆရာကြီး အုန်းမုတ်စိန်၊ ကရင်သဘင်ပညာရှင် ဆရာကျော်လိုက်သိန်နှင့် ဆရာကျော်လေးတို့မှ သက်ရှိထင်ရှားရှိစဉ်က ချန်ရစ်ခဲ့သည့် ရိုးရာသဘင်အမွေအနှစ်များကို သားသမီးမြေးမြစ်များက ထိန်းသိမ်း၍ ယခုတိုင် ဆက်လက်ကပြ ဖျော်ဖြေလျက်ရှိကြောင်း သိရသည်။

“ဇာတ်သဘင်အဖွဲ့တွေဟာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရပြီး သဘင်ဟာ နိုင်ငံရဲ့စီးပွားရေးမှာ အခြေခံသလို အရင်က ရိုးရာနဲ့ ကခဲ့တဲ့သဘင်ကို နောက်ပိုင်း အနုပညာဆန်ရင်ပြီးရောဆိုပြီး ဖန်တီးခဲ့ကြတယ်၊ အခုကျတော့ အင်တာတိန်းမန့်လို ဖျော်ဖြေရေးသက်သက်ဖြစ်လာတယ်၊ ဖျော်ဖြေရေးကနေ အနုပညာဆန်တာကို ရွေးထုတ်ရမယ်၊ ပြီးရင် အနုပညာရိုးရာတွေကို ပြန်ဖော်ထုတ်ထိန်းသိမ်းတဲ့အစီအစဉ်တွေကို ဆွဲယူရမယ်”ဟု ဗဟိုဥက္ကဋ္ဌ ဦးဖိုးချစ်က ဆက်လက်ပြောသည်။

ထူးချွန်ဆုချီးမြှင့်ပွဲတွင် ကရင်ပြည်နယ် သဘင်အနုသုခုမပညာရှင် သုံးဦးအား ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ပြီး အကောင်းဆုံးသဘင်လုပ်သားထူးချွန်ဆု၊ အကောင်းဆုံးပံ့ပိုးအဆို (ကရင်ဘာသာ၊ မြန်မာဘာသာ) ထူးချွန်ဆု၊ လူမှုစိတ်ဓာတ်ထူးချွန်ဆု(တည်ထောင်သူ)၊ အကောင်းဆုံးနောက်ပိုင်း မင်းသား၊ မင်းသမီး ထူးချွန်ဆု၊ ပံ့ပိုးအတီးအဖွဲ့လိုက်ထူးချွန်ဆု၊ မင်းသား၊ မင်းသမီးဇာတ်ပို့ဆု၊ လူရွှင်တော်အဖွဲ့လိုက်ထူးချွန်ဆု၊ ပြဇာတ်မင်းသား၊ မင်းသမီး ထူးချွန်ဆု၊ စတိတ်ပိုင်းဆိုင်ရာ ထူးချွန်ဆု၊ အကောင်းဆုံးမင်းသား၊ မင်းသမီးအက ထူးချွန်ဆု၊ စွယ်စုံမင်းသား၊ မင်းသမီး ထူးချွန်ဆု၊ ဒါရိုက်တာ ထူးချွန်ဆု၊ ဇာတ်အဖွဲ့လိုက် ထူးချွန်ဆုများကို တာဝန်ရှိသူများက သဘင်ရွှေစင်ရုပ်တုနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ယာယီဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လိုအပ်သည်များ မှာကြားစဉ်။



သွားလာရွှေ့ပြောင်းမှုခက်ခဲလျက်ရှိသော ကာမိုင်းမြို့နယ် မံဝယ်ကျေးရွာမှ ပြည်သူများကို လုံခြုံစိတ်ချသောနေရာများသို့ ရွှေ့ပြောင်းပေးစဉ်။

**✱ ရှေ့ဖုံးမှ**

မံဝယ်ကျေးရွာမှ ပြည်သူများကို မိုးညှင်းမြို့နယ် ချောင်းဝကျေးရွာမှတစ်ဆင့် ပြန်လည်ပို့ဆောင်ရေးများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ မေ ၆ ရက်တွင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၂၃ ဦး၊ မေ ၇ ရက်တွင် အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၆၉ ဦး စုစုပေါင်း ၁၂၅ ဦး၊ စုစုပေါင်း ၁၄၈ ဦးတို့ကို စက်လှေများ၊ မော်တော်ယာဉ်များဖြင့် မိုးညှင်းမြို့နယ် ချောင်းဝကျေးရွာသို့ သယ်ယူပို့ဆောင်ပေးခဲ့သည်။ အိမ်ထောင်စုနှစ်စုမှ လူဦးရေ ငါးဦးတို့မှာ ပြန်လည်လိုက်ပါလိုခြင်းမရှိဘဲ ကာမိုင်းမြို့နယ် မံဝယ်ကျေးရွာ၌ ကျန်ရှိခဲ့မည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာ၌ တပ်မတော်မှ တပ်ဖွဲ့များရှိကြောင်း သိရသည်။

ဆက်လက်၍ မိုးညှင်းမြို့နယ် ချောင်းဝကျေးရွာသို့ ရောက်ရှိလာသူစုစုပေါင်း ၁၄၈ ဦးကို မေ ၇ ရက် ညနေပိုင်းတွင် ၎င်းတို့၏ဆွေမျိုးနေအိမ်များနှင့် မူလနေရာများသို့ ပြန်လည်ပို့ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# အင်ဂျန်းယန်ဒေသမှ ခေတ္တတိမ်းရှောင် မိသားစုများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၇**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်ဒေသမှ နယ်မြေလုံခြုံရေး အခြေအနေအရ ခေတ္တတိမ်းရှောင်လာသော မိသားစုဝင် ၂၂၇ ဦးတို့အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝိုင်းမော်မြို့နယ် ရှင်ဂေါ်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူး၊ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နေရပ်တိမ်းရှောင် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးသော ငွေကျပ် ၃၁၆၄၂၀၀ တန်ဖိုးရှိ ရိက္ခာ တစ်လစာ၊ ဆန် ၈၂ အိတ်၊ ဆီ ပိဿာ ၁၄၀၊ ကုလားပဲ ၂၁၀ ပိဿာ၊ ဆား ၃၅ ပိဿာတို့ကို ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူးက ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ ခေတ္တတိမ်းရှောင် မိသားစုဝင် ၂၃၈၀ အတွက် ဆန် ၈၈၃ အိတ်၊ ဆီ ပိဿာ ၁၃၉၀၊ ကုလားပဲ ၂၃၃၇ ပိဿာ၊ ဆား ပိဿာ ၄၅၀၊ စောင် ၁၆၂ ထည်နှင့် ခြင်ထောင် ၈၂ လုံးတို့ကို ဖားကန့်မြို့နယ် မံဝယ်ကျေးရွာ၊ မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာ၊ မိုးကောင်းမြို့နယ် နမ္မတီးမြို့၊ တနိုင်းမြို့နယ် အောင်လော့ဒ်ကျေးရွာတို့တွင် နယ်မြေခံ တပ်မတော်နှင့်ပူးပေါင်း၍ ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍ ကျန်းမာရေးအတွက် ဆေးဝါးပစ္စည်းများ၊ ကလေးသူငယ်များအတွက် အာဟာရဖြည့်စွက်စာများ ထပ်မံပေးပို့ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အစိုးရက အောင်လော့ဒ်ဒေသသို့ အိမ်ထောင်စုစာရင်းကောက်ယူရန် စေလွှတ်သည့်အဖွဲ့အား KIA အဖွဲ့က ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၇**

တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသသို့ တိမ်းရှောင်ရောက်ရှိနေသော အိမ်ထောင်စုများ၏ စာရင်းကောက်ယူရန်နှင့် ကူညီထောက်ပံ့နိုင်ရေး ကချင်ပြည်နယ်အစိုးရက စေလွှတ်သည့်အဖွဲ့အား မေ ၅ ရက် မွန်းလွဲပိုင်းတွင် KIA အဖွဲ့က ပစ်ခတ်တိုက်ခိုက်သဖြင့် မေတ္တာရှင်နာရေးကူညီမှုအသင်းမှ မော်တော်ယာဉ်ကျည်ထိမှန်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသ၌ တိမ်းရှောင်ရောက်ရှိနေသော အိမ်ထောင်စုစာရင်းများ ကောက်ယူရန်နှင့် ကူညီထောက်ပံ့နိုင်ရေးအတွက် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန တနိုင်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်သည့်အဖွဲ့သည် မေ ၅ ရက် မွန်းလွဲ ၁ နာရီခန့်တွင် တနိုင်းမြို့မှ မော်တော်ယာဉ်ငါးစီးဖြင့် ထွက်ခွာခဲ့ကြပြီး မြို့မရဲစခန်း၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာအရောက်တွင် KIA လက်နက်ကိုင်အဖွဲ့ အင်အားငါးဦးခန့်က လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ KIA အဖွဲ့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်တန်းနောက်ဆုံးမှ လိုက်ပါလာသည့် မေတ္တာရှင် နာရေးကူညီမှုအသင်းမှ မော်တော်ယာဉ်ဘယ်ဘက်ရှေ့ဘီးတာယာတွင် ကျည်ထိမှန်ခဲ့ပြီး တာယာပွင့်ထွက်သွားသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ကားဘီးအားလဲလှယ်၍ ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီတွင် တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသသို့ ရောက်ရှိကြကြောင်း၊ KIA လက်နက်ကိုင်အဖွဲ့အား လမ်းကြောင်းလုံခြုံရေး တာဝန်ယူထားသည့် တပ်မတော်သားများက ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ပြည်နယ်အစိုးရက အောင်လော့ဒ်ဒေသသို့ စေလွှတ်သည့်အဖွဲ့သည် ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုခဲ့ရာ နေအိမ်များမှာ ပကတိအတိုင်း ကောင်းမွန်စွာရှိနေပြီး ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ ရွာသူရွာသား တစ်ဦးတစ်ယောက်မျှမတွေ့ရှိဘဲ နွားကောင်ရေ ၅၀ ကျော်ခန့်နှင့် အိမ်မွေးကြက်၊ ဝက်များကိုသာ တွေ့ရှိခဲ့ရသဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေ ၆ နာရီခွဲတွင် တနိုင်းမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသော မြန်မာနိုင်ငံသား ၇၃ ဦးအား ပြန်လည်လက်ခံ

**မြဝတီ မေ ၇**

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသော မြန်မာနိုင်ငံသား ၇၃ ဦးအား နှစ်နိုင်ငံ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ ကျောက်လုံးကြီး ပြန်လည်ကြိုဆို လက်ခံရေးစခန်း၌ လက်ခံခဲ့သည်။

ယနေ့ ကရင်ပြည်နယ် မြဝတီ ကျောက်လုံးကြီး ပြန်လည်ကြိုဆို လက်ခံရေးစခန်းသို့ မြန်မာနိုင်ငံ အတွင်း ပြန်လည်ရောက်ရှိလာသူများမှာ ကရင်ပြည်နယ်အတွင်း နေထိုင်သော အိမ်ထောင်စု ၁၅ စု အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၂၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း နေထိုင်သော အိမ်ထောင်စု နှစ်စုစီမှ အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၆ ဦးနှင့် ပဲခူးတိုင်း ဒေသကြီးအတွင်း နေထိုင်သော အိမ်ထောင်စု တစ်စုမှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း အမျိုးသား အမျိုးသမီး ၇၃ ဦးတို့ကို လက်ခံကာ သက်ဆိုင်ရာတာဝန်ရှိသူများက နေရပ်အသီးသီးသို့ ပြန်လည် ပို့ဆောင်ခဲ့သည်။

ထိုသို့ ပြန်လည်ဝင်ရောက်ရာတွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် နေရပ်ပြန် မြန်မာ မိသားစုများအား ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးနှင့် တာဝန်ရှိသူများက မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားသို့ သွားရောက် ကြိုဆိုကြသည်။ ယင်းနောက် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်ရှိ ကျောက်လုံးကြီး ပြန်လည် ကြိုဆိုလက်ခံရေးစခန်း၌ ကရင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်း ခင်ထွေးမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီး များက လက်ခံကြိုဆိုကာ အားပေး စကား ပြောကြားကြသည်။



**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။** ဓာတ်ပုံ-ထိန်လင်းအောင်(ပြန်/ဆက်)

ပြန်လည်ရောက်ရှိလာသောမြန်မာ နိုင်ငံသားများအား ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က "တစ်ဖက်နိုင်ငံက ကျွန်မတို့နိုင်ငံသား တွေကို ကူညီစောင့်ရှောက်ထားပေး တဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါ တယ်။ ပြန်လာတဲ့ ကျွန်မတို့နိုင်ငံသား တွေကို တစ်ခုလောက် မေတ္တာရပ်ခံ ချင်တာက မသွားခင်က အခြေအနေနဲ့ ပြန်လာတဲ့အခြေအနေ ကွာနေပြီ ဆိုတာ သိပါလိမ့်မယ်။ နောက်ပိုင်း အခက်အခဲတွေ တွေ့တဲ့အခါ အေး အတူ၊ ပူအမျှ ရင်ဆိုင်ဖြေရှင်းရင်းနဲ့ ကိုယ့်နိုင်ငံထဲမှာ ဒါတို့ပြည်၊ ဒါတို့မြေ ဆိုပြီး ခိုင်ခိုင်မာမာနဲ့ ရပ်တည်သွားကြ ဖို့ လိုပါတယ်။ အစိုးရအဖွဲ့အနေနဲ့ လည်း တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင် ရွက်ပေးမှာပါ။ ကလေးတွေ ပညာရေး၊ ကျန်းမာရေးကအစ အခက်အခဲရှိရင် သက်ဆိုင်ရာကနေ အကြောင်းကြား ပါ။ အစိုးရအဖွဲ့အနေနဲ့ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးပါမယ်။ အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ်" ဟု အားပေးစကားပြောကြားသည်။

ယနေ့ ထိုင်းနိုင်ငံမှ မိမိဆန္ဒ အလျောက် နေရပ်ပြန်လိုသော မြန်မာနိုင်ငံသားများအား လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေချထားရေးဝန်ကြီးဌာနမှ တစ်ဦး လျှင် ငွေကျပ် တစ်သိန်းနှုန်းစီဖြင့် မိသားစုဝင် သုံးဦးနှင့် သုံးဦးထက် ပိုလျှင် ငွေကျပ် သုံးသိန်းစီနှင့် အသုံး အဆောင်ပစ္စည်း ၂၂ မျိုးပါသော ဘူးတစ်ဘူး၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်းအဖွဲ့ချုပ်မှ တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ တစ်ဦးလျှင် ငွေကျပ် တစ်သောင်းခုနစ်ထောင်စီ အသီးသီး ကူညီထောက်ပံ့ကာ နေရပ်အသီးသီး သို့ ပြန်လည်ရောက်ရှိရေး မော်တော် ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင်ပင် အိမ်ထောင်စု ကိုးစုမှ မိသားစုဝင် ၃၄ ဦးအား စခန်းမှ မိမိနေရပ်သို့ ထွက်ခွာပြီဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကရင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင် ထွေးမြင့်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဘေး အန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းဆွေ၊ ပြည်နယ်လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး၊ ပအိုဝ်း တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသော မြန်မာနိုင်ငံသား ၇၃ ဦးအား ယနေ့ပြန်လည်လက်ခံ ခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ကို ပြီးခဲ့သော ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်က အိမ်ထောင်စု ၁၉စုမှ အမျိုးသား ၃၀ နှင့် အမျိုးသမီး ၃၅ ဦးတို့ကိုလက်ခံခဲ့ ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်၊ ထိန်လင်းအောင်(ပြန်/ဆက်)**

# ပြည်တွင်းသတင်းဌာနများမှ သတင်းမီဒီယာသမားများ မောင်တောဒေသ၌ လွတ်လပ်စွာ သတင်းရယူ

**စစ်တွေ မေ ၇**

ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူ များ ပြန်လည်လက်ခံရေး ကိစ္စရပ် များအပါအဝင် အခြားကိစ္စရပ်များ အား မြေပြင်ကွင်းဆင်း သတင်း ရယူရန် MRTV၊ MITV၊ DVB၊ Mizzima၊ ချွန်းသတင်းဌာနနှင့် ရွှေဇာမဏီသတင်းဌာနတို့မှ သတင်း မီဒီယာသမားများသည် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် မြန်မာအမျိုးသား လေကြောင်း လိုင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြ သည်။

ထို့နောက် သတင်းမီဒီယာသမား များသည် မောင်တောမြို့နယ် ကိုင်းကြီး(မြို)ကျေးရွာသို့ရောက်ရှိပြီး ဒေသခံ မြိုတိုင်းရင်းသား တိုင်းရင်းသူ များနှင့်တွေ့ဆုံကာ ၎င်းတို့၏ လူမှု ဘဝအခြေအနေ၊ အလုပ်အကိုင်ရရှိမှု၊ ကျေးရွာရှိ လူဦးရေ၊ ဒေသဖွံ့ဖြိုး ရေးအတွက် လိုအပ်ချက်၊ ဒေသခံများ ၏ လိုအပ်ချက်များကို မေးမြန်း သတင်းရယူကြသည်။



ကိုင်းကြီး(မြို)ကျေးရွာသစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က နေအိမ် ၅၆ လုံး၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က နေအိမ် ၆၄ လုံး တည်ဆောက် လှူဒါန်းထားကြောင်း သိရသည်။

ဆက်လက်၍ မောင်တောမြို့ပေါ်ရှိ ဟိန္ဒူဘာသာဝင်များ နေထိုင်သည့် ယာယီစခန်းသို့ သွားရောက်ပြီး ပညာ သင်ကြားနေရမှု၊ လိုအပ်ချက်၊ စခန်းတွင်း လူဦးရေ၊ စားဝတ်နေရေး အခြေအနေ၊ အလုပ်အကိုင်ရှိမှုတို့ကို မေးမြန်းပြီး စခန်းအတွင်း လိုက်လံ သတင်းရယူကြသည်။

ယင်းနောက် သတင်းမီဒီယာသမား များသည် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိပြီး စခန်းတည်ဆောက်ရေး တာဝန်ခံနှင့်တွေ့ဆုံကာ စခန်း တည်ဆောက်မှုအခြေအနေ၊ ခေတ္တ နေထိုင်နိုင်မည့်လူဦးရေအပါအဝင် သိလိုသည်များကို မေးမြန်းပြီး စခန်း အတွင်း အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို လှည့်လည် သတင်းရယူကြသည်။

**သတင်း-မျိုးမြင့်
ဓာတ်ပုံ-သက်လွင်စိုး
(ခရိုင်ပြန်/ဆက်)**

# ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် တိုင်းရင်းသားပြည်သူများအား မယ်စဲ့မြို့၌ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မယ်စဲ့ မေ ၇**

ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် တိုင်းရင်းသားပြည်သူများအား ပြန်လည်လက်ခံကြိုဆိုရေးအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကယားပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှင့် သက်ဆိုင်ရာဌာနများက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ကြသည်။

ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံသားစိစစ်ပြီးသူ တိုင်းရင်းသား ပြည်သူ ၂၀ မှာ မယ်စဲ့မြို့နယ်မှ လေးဦး၊ ဒီးမော့ဆိုမြို့နယ်မှ ရှစ်ဦး၊ လွိုင်ကော်မြို့နယ်မှ ရှစ်ဦးတို့ဖြစ်ကြပြီး ကယားပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီ၊ ရေသန့် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၉၈၀၀၀၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရိက္ခာတန်ဖိုးငွေကျပ် ၃၅၃၈၉၂၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ဆောက်ပစ္စည်း၊ ဆန်ရိက္ခာနှင့် ခရီးစရိတ်ထောက်ပံ့ငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၁၆၄၄၀၀၀ တို့ကို တာဝန်ရှိသူအသီးသီးတို့က လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဝင်ရောက်လာသူများအား စိစစ်စာရင်းပြုစုခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု စစ်ဆေးခြင်း၊ ပညာရေးဌာနမှပါဝင်လာသော ကျောင်းနေအရွယ် များအား သက်ဆိုင်ရာ အတန်းပညာဆက်လက်သင်ကြားနိုင်ရေးအတွက် စိစစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ကျောဖုံးမှ**

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ အတွင်းရေးမှူး အဖွဲ့ဝင် ဦးအောင်စိုးက လူမျိုးအလိုက် အမျိုးသား အဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးဆိုင်ရာများကိုလည်းကောင်း၊ မွန် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဆွေးနွေးပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ နိုင်ဗညားလယ်တို့က ကျေးဇူးတင်ဝမ်းမြောက်စကားများကို လည်းကောင်း အသီးသီးပြောကြားပြီး မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်က နိဂုံးချုပ် အမှာစကားပြောကြားကာ တက်ရောက်လာသူအားလုံးတို့က မွန်အမျိုးသားသီချင်းကို သံပြိုင်သီဆိုခဲ့ကြသည်။

မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပတ်သက်သည့် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေး ကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့်မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍများဖြင့် ကဏ္ဍ(၄)ရပ် သတ်မှတ်ပြီး တက်ရောက်လာသူ ကိုယ်စားလှယ်များက ၎င်းတို့၏ သဘောထားအမြင်များကို လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီမှ ချမှတ်ထားသည့် မူဘောင်နှင့်အညီ နိုင်ငံရေးကဏ္ဍတွင် ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့် အခြေခံမူများကိုလည်းကောင်း၊ စီးပွားရေးကဏ္ဍတွင် ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာအခြေခံမူများနှင့် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများကို လည်းကောင်း၊ လူမှုရေးကဏ္ဍတွင် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက် သော အခြေခံမူများကိုလည်းကောင်း၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များကဏ္ဍတွင် ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒ များနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ မူဝါဒများကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပွဲများမှ တူညီသော သဘောထားအမြင်များနှင့် မတူညီသော သဘော ထားအမြင်များကိုစုစည်းရရှိခဲ့ပါကြောင်း၊ မိမိတို့မွန်လူမျိုးများအနေဖြင့် ဒီမို ကရေစီ၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်သွား မည်ဖြစ်ပြီး ငြိမ်းချမ်းစွာဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်း ပေးနိုင်မည့် လမ်းကြောင်းအပေါ် လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း မွန်လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲအပြီးတွင် ကျင်းပရေး ကော်မတီမှ ထုတ်ပြန်ကြေညာထားသည်။

မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို မွန် ပြည်သစ်ပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနှင့် မွန်အမျိုးသားပါတီတို့မှ ဦးဆောင်ဦးရွက်မှုဖြင့် မေ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ခြင်း ဖြစ်ပြီး ပိတ်ပွဲအခမ်းအနားသို့ မွန်ဆရာတော်၊ သံဃာတော်များ၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ငြိမ်းချမ်းရေးကော်မရှင်၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီမှ တာဝန်ရှိသူများ၊ မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့် အစိုးရအဖွဲ့ဝင်များ၊ မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ် များ၊ မွန်လူထုအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မွန်ဒေသ အသီးသီးမှ ကိုယ်စားလှယ်များ၊ မွန်အမျိုးသမီးများ၊ မွန်လူငယ်များ၊ တတ်သိ ပညာရှင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာလှေလှော်အသင်း ရွှေတံဆိပ် လေးခု၊ ကြေးတံဆိပ် တစ်ခုဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့

**ရန်ကုန် မေ ၇**
တရုတ်ပြည်သူ့သမ္မတနိုင်ငံ (တရုတ်-တိုင်ပေ)တွင် မေ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသည့် Asian Dragon Boat Championships International Open-2018 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ရိုးရာ လှေလှော်အသင်း မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းတိုး ခေါင်းဆောင်သည့် လှေလှော်အားကစားသမား ၃၇ ဦးတို့ ပြိုင်ပွဲများ ယှဉ်ပြိုင်လျက်ရှိရာ မေ ၅ ရက်တွင် Asian Dragon Boat Championships International Open Mixed မီတာ(၂၀၀) ၁၀ တက်ပြိုင်ပွဲ၌ အသင်း ၃၈ သင်း ယှဉ်ပြိုင်ရာ မြန်မာအသင်းက ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို မြန်မာအသင်းက လည်းကောင်း၊ ဒုတိယဆုကို ဖိလစ်ပိုင်အသင်းက လည်းကောင်း၊ တတိယဆုကို အိမ်ရှင် တရုတ်(တိုင်ပေ)အသင်းတို့က လည်းကောင်း အသီးသီးရရှိခဲ့ပြီး မေ ၆ ရက်တွင် အမျိုးသား၊ အမျိုးသမီး မီတာ(၅၀၀) (၁၀) တက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်လှေလှော်အသင်းက စံချိန် ၂း၂၀ ဒသမ ၂၀၅၂ စက္ကန့်ဖြင့် ပထမရွှေတံဆိပ်ဆုကို ထပ်မံရရှိ၍ လည်းကောင်း၊ ဒုတိယနှင့် တတိယဆုများကို အိမ်ရှင် တရုတ်(တိုင်ပေ) အသင်းတို့က လည်းကောင်း ဆုများအသီးသီးရရှိခဲ့သည်။

မေ ၇ ရက် Asian Dragon Boat Championships-2018 ပြိုင်ပွဲများတွင် မြန်မာအသင်းက ဆက်လက်ယှဉ်ပြိုင်လျက်ရှိရာ အမျိုးသား၊ အမျိုးသမီး(၁၀)တက် မီတာ(၅၀၀) ပြိုင်ပွဲတွင် မြန်မာအသင်းက စံချိန် ၂း ၈ ဒသမ ၅၆၂ စက္ကန့်ဖြင့် ပထမရွှေတံဆိပ်ဆုကို လည်းကောင်း၊ အင်ဒိုနီးရှားအသင်းက စံချိန် ၂း ၀၉ ဒသမ ၁၂၂ စက္ကန့်ဖြင့် ဒုတိယဆုကိုလည်းကောင်း၊ အိမ်ရှင် တရုတ်(တိုင်ပေ) အသင်းက စံချိန် ၂း ၁၀ ဒသမ ၉၅၄ စက္ကန့်ဖြင့် တတိယဆုကို လည်းကောင်း အသီးသီးရရှိသည်။ အမျိုးသမီး(၁၀)တက် မီတာ(၅၀၀) ပြိုင်ပွဲတွင် မြန်မာအသင်းက စံချိန် ၂း ၂၀ ဒသမ ၁၀၃ စက္ကန့်ဖြင့် ပထမ ရွှေတံဆိပ်ကိုလည်းကောင်း၊ ထိုင်းအသင်းက စံချိန် ၂း ၂၀ ဒသမ ၂၄၇ စက္ကန့်ဖြင့် ဒုတိယဆုကို လည်းကောင်း၊ အင်ဒိုနီးရှား အသင်းက စံချိန် ၂း ၂၃ ဒသမ ၂၃၅ စက္ကန့်ဖြင့် တတိယဆုကို လည်းကောင်း ရရှိသည်။ အမျိုးသား (၁၀)တက် မီတာ(၅၀၀)ပြိုင်ပွဲတွင် ထိုင်းအသင်းက စံချိန် ၂း ၀၄ ဒသမ ၅၃၉ စက္ကန့်ဖြင့် ပထမ၊ အင်ဒိုနီးရှားအသင်းက စံချိန် ၂း ၀၆ ဒသမ ၀၉၃ စက္ကန့်ဖြင့် ဒုတိယနှင့် မြန်မာအသင်းက စံချိန် ၂း ၀၇ ဒသမ ၃၁၃ စက္ကန့်ဖြင့် တတိယ အသီးသီးရရှိခဲ့ပြီး မြန်မာ့ရိုးရာ လက်ရွေးစင် လှေလှော်အသင်းအနေဖြင့် နိုင်ငံတော်အတွက် ရွှေတံဆိပ် လေးခု၊ ကြေးတံဆိပ် တစ်ခု ရယူပေးနိုင်ခဲ့ကြောင်း သိရ သည်။

**အားကစား**



ရွှေဆုရ မြန်မာလှေလှော်အဖွဲ့အား ဆုယူအပြီး အခြားဆုရအသင်းများနှင့်အတူ တွေ့ရစဉ်။

**❖ လိဒ်စ်ယူနိုက်တက်အသင်းမှ**
QPR အသင်းနှင့် ယှဉ်ပြိုင်ပြီး နောက်ရက်တွင် ထွက်ခွာလာပြီး ဒဏ်ရာနှင့် ပွဲပန်းနေသည့် ကစားသမားအချို့ မပါဝင်လာခြင်းဖြစ်သည်။

လိဒ်စ်ယူနိုက်တက် အသင်းသည် မြန်မာနိုင်ငံ ခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မေ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ MNL ALL Star အသင်း၊ မေ ၁၁ ရက်တွင် မန္တလာသီရိကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဥတုရာသီ တောကိုမှီ၏**




**ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့ရှိ Association of World Election Bodies (A-WEB) ၌ မေ ၈ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ခြင်းအစီအစဉ်သို့ တက်ရောက်ရန် အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရွေးကောက်ပွဲခုံရုံးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်သူနှင့် အဖွဲ့ဝင် ခုနစ်ဦးတို့အား မေ ၇ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများနှင့် မိသားစုဝင်များ ပို့ဆောင်နှုတ်ဆက်စဉ်။**
သတင်းစဉ်

# မြန်မာလမ်းလျှောက်မယ် သန်းသန်းစိုး ရွှေတံဆိပ်ဆွတ်ခူး

**ရန်ကုန် မေ ၇**
ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မေ ၄ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံ တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ THAILAND OPEN TRACK AND FIELD CHAMPIONSHIPS-2018 ပြိုင်ပွဲတွင် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဦးတင်ထွန်း ဦးဆောင်ကာ နည်းပြ၊ အားကစားသမား ၁၁ ဦးတို့ ယှဉ်ပြိုင်ရာ အမျိုးသမီး ကီလို(၂၀)လမ်းလျှောက်ပြိုင်ပွဲတွင် ရန်ကုန်အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းသူ နေပြည်တော် Gold Camp မှ လူငယ်လမ်းလျှောက်လက်ရွေးစင် အားကစားမယ် သန်းသန်းစိုးက ပထမရွှေတံဆိပ်ဆုကို ရယူနိုင်ခဲ့ကြောင်း သိရသည်။

**အားကစား**



# ထိန်ပင်အမှိုက်ပုံအောက်ခြေမှ ထွက်ရှိသည့် အပူငွေ့များအား ငါးရက်မြောက် စောင့်ကြည့်ငြိမ်းသတ်

**ရန်ကုန် မေ ၇**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအောက်ခြေမှထွက်ရှိသည့် အပူငွေ့များကို ယနေ့တွင် ငါးရက်မြောက်အဖြစ် စောင့်ကြည့်၍ ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန် မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက "ဒီနေ့ဆိုရင် အပူငွေ့ထွက်တဲ့နေရာတွေကို ပေါက်တူး၊ ထွန်ခြစ်တွေနဲ့ တူးဆွပြီး ရေနဲ့ငြိမ်းသတ်ခဲ့တယ်။ ဇုန်အားလုံးကို အဖွဲ့တွေခွဲပြီး လက်စသတ်နိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ စိတ်ချရလောက်တဲ့ အနေအထားပါပဲ။ ဒါပေမယ့် ဧရိယာကျယ်ပြန့်တဲ့အတွက် အပူငွေ့ထွက်ရှိမှု အခြေအနေကို ဒီနေ့ညနဲ့ မနက်ဖြန် မနက်ပိုင်းအထိ စောင့်ကြည့်မယ်။ နောက်ထပ် အပူငွေ့ထွက်တာတွေရှိရင် ငြိမ်းပြီး ညနေပိုင်းမှာတော့ သက်ဆိုင်ရာကို ပြန်လည်အပ်နှံသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ စက်ယန္တရားကြီးများကို အသုံးပြု၍ စောင့်ကြည့်ငြိမ်းသတ်မှုများ ပြုလုပ်လျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က "ဒီနေ့မှာတော့ မီးသတ်တပ်ဖွဲ့ရဲ့ စောင့်ကြည့်မှုအခြေအနေ ငါးရက်မြောက်ရှိပါပြီ။ စောင့်ကြည့်ငြိမ်းသတ်မှုကာလအတွင်း ဇုန်လေးဇုန်လုံးမှာ အပူရှိန်ကြောင့်ထွက်ရှိတဲ့ မီးခိုးငွေ့တွေကို မီးသတ်တပ်ဖွဲ့နောက်ချန် အင်အားတွေနဲ့အတူ ကျွန်တော်တို့ YCDC ဝန်ထမ်း ၄၀၀ လောက်က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြောသည်။

မီးလောင်မှုဖြစ်ပွားနေစဉ်အတွင်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့က ဧပြီ ၂၉ ရက်မှ စတင်၍ (A,B,C,D)ဇုန်များ ပိုင်းခြားသတ်မှတ်ပြီး တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် ငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်ကာ ဆက်လက်စောင့်ကြည့်မှုများပြုလုပ်၍ အမှိုက်ပုံအောက်ခြေမှ ထွက်ရှိသည့် အပူငွေ့များကို ငြိမ်းသတ်လျက်ရှိကြောင်းသိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**




**○ ပြည်သူ့အတွက်မှ**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မေ ၂၁ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မေ ၂၃ ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မေ ၂၅ ရက်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မေ ၂၉ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်ကောင်စီ၊ မေ ၃၁ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ရှင်းလင်းသွားမည်ဖြစ်သည်။

တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ပြည်တွင်း၊ ပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ e-mail: ir.pso.moi2015@gmail.com သို့ လိပ်မူ၍ အမည်၊ သတင်းဌာန၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ လိပ်စာ(e-mail လိပ်စာ)တို့အား ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တွင် စည်းကမ်းမဲ့အမှိုက်ပစ်သူများကို ထိထိရောက်ရောက် အရေးယူမည်

**ရန်ကုန် မေ ၇**

ရန်ကုန်မြို့တွင် စည်းကမ်းမဲ့အမှိုက်ပစ်သူများကို ဥပဒေအရ ထိထိရောက်ရောက်အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့ကြောင်း သိရသည်။

"ရန်ကုန်မြို့ကြီးရဲ့ရည်ရွယ်ချက်နှစ်ရပ်ကို ပြောပြီးပြီ၊ ဥပဒေစိုးမိုးတဲ့ သန့်ရှင်းတဲ့ မြို့တော်ကြီးဖြစ်ဖို့ သန့်ရှင်းတယ်ဆိုတာ အမှိုက်တင်မဟုတ်ဘူး၊ ဥပဒေအောက်မှာ ဥပဒေချိုးဖောက်ရင်အားလုံးကို တစ်ပြေးညီအရေးယူမှာပဲ၊ အမှိုက်နဲ့ပတ်သက်ရင်လည်း စည်ပင်သာယာဥပဒေ လုပ်ထုံးလုပ်နည်းတွေ မလိုက်နာရင်အရေးယူမယ်၊ ထိထိရောက်ရောက်အရေးယူမှုကို တရစပ်လုပ်မယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။ မေ ၄ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည့် ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှု ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကျင်းပသည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်က ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Clean Yangon အမှိုက်ကောက်ရေးလှုံ့ဆော်ဆောင်ရွက်နေမှုများကို တင်ပြရာတွင် ယင်းကဲ့သို့ ပြောကြားခြင်း ဖြစ်သည်။

"စင်ကာပူကို မြန်မာနိုင်ငံကလူတွေသွားရင် စည်းကမ်းမဲ့ အမှိုက်မပစ်ရဲဘူး၊ ကြောက်တယ်၊ ဒီရောက်လို့ရှိရင် မကြောက်တော့ဘူး၊ အကုန်လုပ်တယ်၊ မဟုတ်တာအကုန်လုပ်တယ်၊ အဲလိုမျိုးဖြစ်နေတယ်၊ အဲဒါကြောင့် ဥပဒေကို ပြင်ပေးပါ၊ ဒါနဲ့ပတ်သက်ပြီး ဥပဒေချုပ်နဲ့လည်း တိုင်ပင်ပါမယ်၊ လှုံ့ဆော်မှုလုပ်တဲ့အခါမှာလည်း တစ်ဖက်ကဥပဒေကို အသိပေးပါ၊ ရုပ်ရှင်ရုံတွေမှာ ထွေလာကားလေးတွေအဖြစ် ပြပေးနိုင်ဖို့ကိုလည်း ဆောင်ရွက်မယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၁၃ ခုနှစ် ဥပဒေတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများကို အခန်း ၂၀ ပြစ်မှုနှင့်ပြစ်ဒဏ်ပုဒ်မ ၆၈ အရ ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံးငွေဒဏ် ကျပ်ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟုဖော်ပြထားကြောင်း၊ ယခုအခါ သက်ဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြန်လည်ပြုပြင်ရေးဆွဲလျက်ရှိကြောင်း သိရသည်။

ယခုလာမည့် မေ ၂၇ ရက်တွင် Clean Yangon အမှိုက်ကောက်ရေးလှုံ့ဆော်မှု တစ်နှစ်ပြည့်မြောက်မည်ဖြစ်ပြီး အဆိုပါနေ့တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန၊ ကျန်းမာရေးဌာနနှင့် ပရဟိတအဖွဲ့ငါးဆယ်ကျော်တို့က အမှိုက်များသိမ်းဆည်းခြင်းနှင့် စည်းကမ်းမဲ့အမှိုက်မပစ်ရေး အသိပေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**



Clean Yangon အမှိုက်ကောက်ရေးလှုံ့ဆော်မှု ဆောင်ရွက်နေစဉ်။

# ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းတွင် တိုက်ခန်းများ ရောင်းချပေးလျက်ရှိ

**ရန်ကုန် မေ ၇**

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း(ဒုတိယအဆင့်)မှ နေအိမ်တိုက်ခန်းများကို ဦးရာလူစနစ်ဖြင့် မည်သူမဆို ဝယ်ယူနိုင်ကြပြီဖြစ်ရာ နေအိမ်တိုက်ခန်းများကို ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

တန်ဖိုးငွေကျပ်ဘီလီယံ ၃၀ ခန့် အကုန်အကျခံဆောက်လုပ်ထားသည့် ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း(ဒုတိယအဆင့်)မှာ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း(ပထမအဆင့်)အနီး၌ ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗိုလ်မှူးဗထူးလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်ဆုံရာနေရာ၌ တည်ရှိသည်။

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း(ဒုတိယအဆင့်) ၌ နေအိမ်တိုက်ခန်း စတုရန်းပေ ၉၂၇ အကျယ်အဝန်းရှိ အထပ်မြင့်ရှစ်ထပ်တိုက် အဆောက်အအုံ ၁၉ လုံးနှင့် နေအိမ်တိုက်ခန်းစတုရန်းပေ ၆၁၄ အကျယ်အဝန်းရှိ အထပ်မြင့်ရှစ်ထပ်တိုက် အဆောက်အအုံရှစ်လုံးတို့ကို ဆောက်လုပ်ထားကာ စုစုပေါင်း အဆောက်အအုံ ၂၇ လုံးဆောက်လုပ်ထားကြောင်းနှင့် အိမ်ခန်းပေါင်း ၈၆၄ ခန်း ပါဝင်ဆောက်လုပ်ထားကြောင်းသိရသည်။

ယခုအခါ အဆိုပါစီမံကိန်းမှမဲဖောက်ရောင်းချပေးထားသော နေအိမ်တိုက်ခန်းဝယ်ယူလိုသည့် လျှောက်လွှာပေါင်း ၅၀၀၀ ကျော် လက်ခံရရှိခဲ့ကြောင်းနှင့် အဆိုပါနေအိမ်တိုက်ခန်းများကို ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၁၇ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ နှစ်လတာကာလအတွင်း ပထမအရစ်ငွေပေးသွင်းရန် သတ်မှတ်ခဲ့ရာ နေအိမ်တိုက်ခန်းပေါင်း ၄၅၂ ခန်းသာ ငွေပေးသွင်းခဲ့ကြောင်း သိရသည်။ ကျန်ရှိနေအိမ်တိုက်ခန်း ၄၁၂ ခန်းမှာ မဲစနစ်ဖြင့် လျှောက်ထားခဲ့ကြသော်လည်း လက်ရှိလာရောက်ငွေပေးသွင်းခြင်း မရှိသောကြောင့် ဝယ်ယူခွင့်ရရှိသူစာရင်းမှ တရားဝင်ပယ်ဖျက်လိုက်ပြီဖြစ်ပြီး အဆိုပါနေအိမ်တိုက်ခန်းများကို မတ် ၂၈ ရက်မှစတင်၍ မည်သူမဆိုလွတ်လပ်စွာဝယ်ယူနိုင်ပြီ ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ အသိပေးကြေညာခဲ့ကြောင်း သိရသည်။



လက်ရှိအနေအထားအရ စတုရန်းပေ ၆၁၄ အကျယ်အဝန်းရှိ နေအိမ်တိုက်ခန်းများဆောက်လုပ်နေမှုမှာ ရာခိုင်နှုန်း ၈၀ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး မကြာမီဆောက်လုပ်ပြီးစီးတော့မည်ဖြစ်သောကြောင့် ကျန်ပေးသွင်းရမည့် အရစ်များကိုလည်း ဆက်လက်ပေးသွင်းနိုင်ကြပြီဖြစ်ကြောင်း၊ စတုရန်းပေ ၉၂၇ အကျယ်အဝန်းရှိ နေအိမ်တိုက်ခန်းများကိုလည်း ဆက်လက်ဆောက်လုပ်လျက်ရှိပြီး နေအိမ်တိုက်ခန်းအနည်းငယ်သာရောင်းချရန် ကျန်ရှိသောကြောင့် အဆိုပါနေအိမ်တိုက်ခန်းများကိုလည်း မည်သူမဆိုလွတ်လပ်စွာဝယ်ယူနိုင်ကြကြောင်းနှင့် နေအိမ်တိုက်ခန်းများကို အင်တိုက်အားတိုက်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါနေအိမ်တိုက်ခန်းများ၏ရောင်းဈေးအနေဖြင့် စတုရန်းပေ ၆၁၄ အကျယ်အဝန်းရှိ အခန်းအား ငွေကျပ် ၂၈၅ သိန်းဖြင့်လည်းကောင်း၊ စတုရန်းပေ ၉၂၇ အကျယ်အဝန်းရှိ အခန်းအားငွေကျပ် ၃၇၇ သိန်းဖြင့်လည်းကောင်း စီစဉ်ရောင်းချပေးထားပြီး အခန်းဝယ်ယူခွင့်ရရှိသူများသည် အခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ဝယ်ယူပြီးနှစ်လအတွင်းအပြီးသတ် ငွေပေးသွင်းရန် သတ်မှတ်ထားကြောင်း၊ စတုရန်းပေ ၆၁၄ အကျယ်အဝန်းရှိ အခန်းအတွက် ပထမအရစ် ငွေကျပ် ၈၅ ဒသမ ၅ သိန်းကိုလည်းကောင်း၊ စတုရန်းပေ ၉၂၇ အကျယ်အဝန်းရှိ အခန်းအတွက် ပထမအရစ်ငွေကျပ် ၁၁၃ ဒသမ ၁ သိန်းကိုလည်းကောင်း အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ကြကြောင်းနှင့် ဧရာဝတီဘဏ်နှင့် ချိတ်ဆက်၍ အခန်းတန်ဖိုးအတွက် ၁၀ နှစ် အရစ်ကျဝယ်ယူနိုင်ကြောင်း၊ ထို့အပြင် အဆိုပါ စတုရန်းပေ ၆၁၄ အကျယ်အဝန်းရှိ နေအိမ်တိုက်ခန်းနှင့် စတုရန်းပေ ၉၂၇ အကျယ်အဝန်းရှိ နေအိမ်တိုက်ခန်းများကို ဝယ်ယူလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဆက်သွယ်ရန်ဖုန်းနံပါတ် ၀၁-၃၇၈၁၅၇၊ ၀၉-၄၀၂၂၅၁၄၁၁၊ ၀၉-၄၀၂၂၅၁၄၀၀ နှင့် ၀၉-၄၀၂၂၅၁၄၂၂ တို့သို့ မည်သူမဆို ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြကြောင်း သိရသည်။

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း(ဒုတိယအဆင့်)မှ နေအိမ်တိုက်ခန်းများကို ဝယ်ယူနေထိုင်ကြသောပြည်သူများအနေဖြင့် ခေတ်မီစွာနေထိုင်နိုင်ကြတော့မည်ဖြစ်ပြီး ကလေးများအတွက် ကစားကွင်းများနှင့် အပန်းဖြေဥယျာဉ်များ ထည့်သွင်းဆောက်လုပ်ထားသောကြောင့် နိုင်ငံတကာအဆင့်မီ အိမ်ရာစီမံကိန်းဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# YBS ဘတ်စ်ကားတစ်စီးလုံး မီးလောင်ဆုံးရှုံးခဲ့မှုအပါအဝင် မော်တော်ယာဉ်အလုံးစုံ အာမခံလျော်ကြေး ပေးအပ်

**ရန်ကုန် မေ ၇**

မော်တော်ယာဉ်အသုံးပြုမှု ပိုမိုများပြားလာသည်နှင့်အမျှ ယာဉ်အစီးရေ တိုးတက်များပြားလာခဲ့ပြီး မော်တော်ယာဉ်အလုံးစုံ အာမခံထားရှိမှု ပိုမိုများပြားလာကာ YBS ဘတ်စ်ကားတစ်စီး မီးလောင်ဆုံးရှုံးခဲ့မှုအပါအဝင် မော်တော်ယာဉ်အလုံးစုံ အာမခံလျော်ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ် အလုံးစုံအာမခံလျော်ကြေးပေးအပ်ရာတွင် YBS 84 မီနီဘတ်စ်ယာဉ်သည် ယခုနှစ် မတ် ၅ ရက်က မော်တော်ယာဉ် အလုံးစုံ အာမခံကို စတင်ထားရှိခဲ့ပြီး အာမခံပရီမီယံကြေးအနေဖြင့် တစ်နှစ်စာငွေကျပ် သုံးသိန်းခုနစ်သောင်းကို ပေးသွင်းထားရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ယာဉ်သည် မတ် ၁၈ ရက်က နံနက်အစောပိုင်း ယာဉ်လိုင်းစတင်ထွက်ခွာရန် ကားစက်နှိုးရာမှ ဝါယာရှော့ဖြစ်ကာ ယာဉ်တစ်စီးလုံး မီးလောင်ဆုံးရှုံးမှုဖြစ်ပေါ် ခဲ့ကြောင်း သိရသည်။ ယာဉ်တစ်စီးလုံးစာ အာမခံထားရှိခဲ့သည့် တန်ဖိုးငွေကျပ်သိန်း ၂၅၀ ကို ယာဉ်ပိုင်ရှင်ထံသို့ Global World အာမခံ ကုမ္ပဏီက မေ ၅ ရက်တွင် ပြန်လည်လျော်ပေးခဲ့ကြောင်း သိရသည်။

"YBS ယာဉ်တွေကို အစိုးရ အာမခံမှာပဲဖြစ်ဖြစ် ပုဂ္ဂလိက ကုမ္ပဏီတွေမှာပဲဖြစ်ဖြစ် အာမခံထားဖို့ကို အစိုးရက ညွှန်ကြားချက်ထုတ်ပြီးဖြစ်ပါတယ်၊ ဒီလိုထားရှိခြင်းအားဖြင့် အခုလိုဖြစ်ပေါ်လာတဲ့အခါမှာ ဆုံးရှုံးမှုကို ပြန်လည်ကုစားနိုင်ပါတယ်၊ ဒီလိုဖြစ်မယ်ဆိုတာလည်း ကြိုတင်မသိနိုင်သလိုမထားခဲ့ရင် အာမခံလျော်ကြေးနဲ့ ကုစားလို့မရတော့ပါဘူး၊ ဆုံးရှုံးသွားမှာပါ၊ အခုလို ယာဉ်တစ်စီးလုံး ဆုံးရှုံးသွားတဲ့ Total Loss လျော်ကြေးဟာ ကုမ္ပဏီအတွက် ထူးခြားတဲ့လျော်ကြေးဖြစ်ပါတယ်၊ အာမခံထားခြင်းကြောင့် လက်တွေ့အကျိုးရှိခဲ့တယ်ဆိုတာပါ"ဟု Global World Insurance ကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုးဝင်းသန့်က အဆိုပါ အာမခံလျော်ကြေးပေးအပ်ပွဲတွင် ပြောသည်။

မော်တော်ယာဉ် အလုံးစုံ အာမခံလျော်ကြေး ပေးအပ်ခဲ့ရာတွင် အဆိုပါယာဉ်တစ်စီးလုံး မီးလောင်ဆုံးရှုံးခဲ့သည့်ဖြစ်စဉ်အတွက် ငွေကျပ်သိန်း ၂၅၀ အပါအဝင် ယာဉ်ပိုင်ရှင် စုစုပေါင်းငါးဦးတို့အား လျော်ကြေးငွေ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ကျော် ပေးအပ်ခဲ့ကြောင်း Global World Insurance ကုမ္ပဏီမှ သိရသည်။

မော်တော်ယာဉ် အလုံးစုံအာမခံထားရှိလိုသူများအနေဖြင့် မြန်မာ့အာမခံလုပ်ငန်းအပါအဝင် သက်ဆိုင်ရာပုဂ္ဂလိကအာမခံကုမ္ပဏီများတွင် မော်တော်ယာဉ်နှင့်အတူ ယာဉ်မှတ်ပုံတင်စာအုပ်၊ လုပ်ငန်းလိုင်စင်၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်မိတ္တူများ ပြသပြီး အာမခံထားရှိနိုင်ကြောင်း သိရသည်။ ယင်းအပြင် အာမခံထားရှိသည့်မော်တော်ယာဉ် တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ပါက မိမိအာမခံထားရှိခဲ့သော ကုမ္ပဏီသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပြီး အာမခံလုပ်ငန်းမှ တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အာမခံအသင်းက အသိပေးထုတ်ပြန်ထားသည်။

**၀၀၁**

## အမြန်လမ်းတွင် ယာဉ်တိမ်းမှောက်သဖြင့် လေးဦးသေ၊ ရှစ်ဦးဒဏ်ရာရ



**နေပြည်တော် မေ ၇**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်(၁၈၅/၂-၃) ကြား၌ မေ ၆ ရက် ည ၇ နာရီခွဲက ရန်ကုန်မှ နေပြည်တော်သို့ လယ်ဝေးမြို့နယ် အင်ပင်သာကျေးရွာနေ ဇော်လွင်(၄၀)နှစ် မောင်းနှင်လာသော ယာဉ်သည် ဝါးများတင်ဆောင်၍ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ အလူမီနီယံတန်းအား တိုက်မိ၍တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အင်ပင်သာကျေးရွာနေ ဦးဇော်ဝင်း (၄၅)နှစ်ပါ လေးဦးတို့တွင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဦးကျော်စိုး(၄၅)နှစ်ပါ ရှစ်ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဇော်လွင်အား ပလွေးအမြန်လမ်းမကြီးရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



## ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ လူစုလူဝေးအား စနစ်တကျစီမံခန့်ခွဲခြင်း(ဆင့်ပွား)သင်တန်းဖွင့်

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ သင်တန်းခန်းမ၌ လူစုလူဝေးအား စနစ်တကျစီမံခန့်ခွဲခြင်း(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၃/၂၀၁၈)ဖွင့်ပွဲ အခမ်းအနားကို မေ ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် တက်ရောက်၍ သင်တန်းဖွင့် မိန့်ခွန်းပြောကြားခဲ့ပြီး ဖွင့်ပွဲသို့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းမင်းသိန်း၊ တိုင်းဒေသကြီး အကူရဲတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးယုနိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို မေ ၇ ရက်မှ ဇွန် ၁ ရက်အထိ ဖွင့်လှစ်ကာ သင်တန်းသားအရာရှိ၊ အခြားအဆင့် ၃၀ တို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



**ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သဋ္ဌလမြို့ ကားဂိတ်လမ်းဆုံ၌ မေ ၇ ရက်က ကဝမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးခင်မောင်ဦး ပြခန်းယာဉ်သို့ လာရောက်ကြည့်ရှုလေ့လာသူ ပြည်သူများအား သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းပညာပေး ဟောပြောစဉ်။**

ငြိမ်းချမ်း(ပြန်/ဆက်)



**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၁၂)ရပ်ကွက် ဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူ ၁၅၀ ခန့်အား လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မြတ်စိုးက သက်ငယ်မုဒိမ်းမှုကျဆင်းရေးနှင့် မှုခင်းမဖြစ်ပွားရေးအတွက် အသိပညာပေး ဟောပြောစဉ်။** ကြေးမုံ

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၃၇ စီး၊ သွင်းကုန် ၉၉၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂ စီး၊ သွင်းကုန် ၁၈၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ဒသမ ၇၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၉၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၆ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများသို့ လှည့်ကင်းစစ်ဆေးမှုများ ဆောင်ရွက်စဉ် ရွှေဖြူရှောင်ကွင်းလမ်း ရော်ဘာတောအတွင်း စုပုံထားသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Brand New Water Filter (C/O-TH) ပစ္စည်းများဖြစ်သော Far Infrared (4 U)၊ Aquatek (CRM) (4 U)၊ Treatton 5 Stages (5U) နှင့် Uni Pure 4 Stages (5 U) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၉ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နမ့်စန်မြို့တွင် လင်မယားချင်းစကားများရာမှ ဓားခုတ်မှုဖြစ်

**နေပြည်တော် မေ ၇**

နမ့်စန်မြို့ အမှတ်(၁) ရပ်ကွက်ရှိ စားသောက်ဆိုင်၏ အနောက်ဘက်ကပ်လျက် ဂိုဒေါင်တွင် နေထိုင်သော နန်းရွှေဥ(၂၇)နှစ်နှင့် ၎င်း၏ခင်ပွန်း စွမ်းသူ(၂၅)နှစ်တို့ နေအိမ်တွင်ထားရှိသော ငွေကျပ် ၂၀၀၀၀ အား စွမ်းသူက ယူသုံးခဲ့သဖြင့် မေ ၅ ရက် ည ၁၀ နာရီက စကားများရန်ဖြစ်ခဲ့ရာ စွမ်းသူက ဓားမဖြင့် ခုတ်သောကြောင့် နန်းရွှေဥတွင် ပြတ်ရှဒဏ်ရာ ငါးချက်ရရှိခဲ့၍ အရေးယူပေးရန် တိုင်တန်းချက်အရ စွမ်းသူအား နမ့်စန်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၇**

ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် ညနေ ၆ နာရီက ပင်လည်ဘူးမြို့နယ် ဝါးဘိုချောင်းကျေးရွာအနီး ပင်လည်ဘူး-ဖောင်းပြင်သွားကားလမ်း၌ အောင်ချိုဦး မောင်းနှင်၍ အောင်ဘို လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရန်တားစဉ် ဆိုင်ကယ်နောက်၌ လိုက်ပါလာသူ အောင်ဘိုသည် ခုန်ချထွက်ပြေးသွားပြီး ဆိုင်ကယ်တူးဘောက်စ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက် (အလေးချိန် ၂၂၀ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း၊ အလားတူ မေ ၅ ရက် မွန်းလွဲ ၂ နာရီက ပင်လည်ဘူးမြို့နယ် တမောသာကျေးရွာအနီး ပင်လည်ဘူး-ဗန်းမောက်သွား ကားလမ်းဘေးတောင်ပေါ်၌ ပီနံအိတ်တစ်လုံးကို တွေ့ရှိရပြီး ပီနံအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက် (အလေးချိန် ၂၂၀ ဂရမ်)ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်(အရှေ့) တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် ညနေ ၃ နာရီက မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၄)ရပ်ကွက် တိုက်အမှတ်(၂၀)နေ ဉာဏ်ဖြိုးဝေ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၈ ပြား၊ အိုက်စ် သုည ဒသမ ၇ ဂရမ်နှင့် ဆေးခြောက် နှစ်ဂရမ်တို့ကို လည်းကောင်း၊ ကွင်းဆက်အရ ညနေ ၅ နာရီခွဲခန့်တွင် ရွှေပြည်သာမြို့နယ် ဇီးကုန်း (၂၄)ရပ်ကွက် မြင်းလှည်းဂိတ်ဈေး၌ ရွှေပြည်သာမြို့နယ်နေ မနုနုအေး(ခ) မအမိုးအား လက်ကိုင်ဖုန်း တစ်လုံးနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ မြောက်ဥက္ကလာပမြို့နယ်နေ သိန်းအောင်အား မြင်းလှည်းဂိတ်ဈေး၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ လက်ကိုင်ဖုန်း တစ်လုံးနှင့်လည်းကောင်း၊ ဆက်လက်ဖော်ထုတ်ချက်အရ ည ၈ နာရီခွဲတွင် ရွှေပြည်သာမြို့နယ်နေ မနန်းဆိုင်ဆာအား ရွှေပြည်သာမြို့နယ် ရန်ကြီးအောင်လမ်းပေါ်တွင် လက်ကိုင်ဖုန်း တစ်လုံးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**အောင်ချိုဦးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**သတင်းစဉ်**

## ကျိုင်းတုံမြို့တွင် မီးလောင်မှုဖြစ်ရာမှ ကလေးနှစ်ဦး သေဆုံး

**နေပြည်တော် မေ ၇**

ကျိုင်းတုံမြို့နယ် အမှတ် (၁)ရပ်ကွက် လုပ်သားရွာနေ မခင်ထွေးငယ်(၂၄)နှစ်၏ နေအိမ်ဘုရားစင်၌ ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ရာမှ မေ ၅ ရက် ည ၁၀ နာရီခွဲက မီးလောင်ခဲ့ရာ နေအိမ်အတွင်း အိပ်ပျော်နေသည့် ဉာဏ်လင်းအောင် (၆)နှစ်နှင့် ညီဖြစ်သူ အောင်မင်းကျော် (၂ နှစ် ၆ လ)တို့ မီးလောင်သေဆုံးခဲ့သဖြင့် မခင်ထွေးငယ်အား ကျိုင်းတုံမြို့မရဲစခန်းက အရေးယူထားပြီး စစ်ဆေးချက်အရ မခင်ထွေးငယ်၏ ခင်ပွန်းဖြစ်သူသည် အလုပ်ကိစ္စဖြင့် ရပ်ဝေးသို့ ရောက်ရှိနေပြီး မခင်ထွေးငယ်မှာလည်း ရပ်ကွက်အတွင်းရှိ နာရေးနေအိမ်သို့ သွားရောက်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

**၈-၅-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ "ပျော်ဘွယ်မြို့နယ်ထဲက မဟာဆားတောင်ကျေးရွာသို့ အလည်တစ်ခေါက်"
- ၈း၃၅ "ရုရှားနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း အစီအစဉ်"
- ၉း၁၀ ဥပဒေရေးရာအဖြာဖြာ "အဆိပ်သင့်သောစာ" (ဒိတ်ဒိတ်၊ ဝေဖြိုးဟိန်း၊ ဦးစံပေါ၊ စိုင်းရာဇာ၊ ခင်ဖြူဖြူသန့်၊ မို့မို့သိန်း၊ သက်မွန်ကျော်)(ဒါရိုက်တာ-ဝေဠု(ဝသန်))
- ၉း၃၀ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၁း၀၀ "နမ့်မွန်ကြီးသို့ အလည်တစ်ခေါက်"
- ၁၁း၃၅ "မေတ္တာအင်ကြင်းရဂုံနှင့် ငြိမ်းချမ်းရေးစကားဝိုင်း"
- ၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၅)
- ၁၄း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (မိုးနတ်မင်းရဲ့ ဒေါသမာန်) (အပိုင်း-၄)
- ၁၄း၃၅ Yes or No Talk Show
- **၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၄)**

**ညပိုင်း**

- ၁၆း၃၅ YTN (Science) "ထိန်းချုပ်နေသော ဦးနှောက်"
- ၁၇း၁၀ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ရှယ်ချွေးမ" (ရန်အောင်၊ အောင်ရဲလင်း၊စိုးမြတ်သူဇာ၊ ထက်ထက်မိုးဦး၊ ခင်ဝင့်ဝါ) (ဒါရိုက်တာ-ကိုဇော် (အာရုဏ်ဦး))
- ၁၇း၃၀ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ Football Magazine
- ၁၈း၃၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အကယ်ဒမီ၊ သရုပ်ဆောင်-မင်းမော်ကွန်း)
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၆)
- ၁၉း၅၅ "CHOICE"(အပိုင်း-၆၄)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ နိုင်ငံတော်ဖွံ့ဖြိုးရေးအခွန် မှန်မှန်ပေးဆောင်ပေး "ရွှေဆိုင်းလုပ်ငန်း၊ ကားလုပ်ငန်းနှင့် လေလံတင်ဒါရယူဆောင်ရွက်ရာတွင်အခွန်ကျသင့်ခြင်းအကြောင်း သိကောင်းစရာ"
  -နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၅)
  -အနုပညာခန်းရိပ်သာ "ဗိုလ်ကလေးတင့်အောင်နှင့် တွေ့ဆုံခြင်း"
  -နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၇)
  - အစီအစဉ်ပြီး၏။

# စီရိုနယ်လ်ဒို၏ဒဏ်ရာ အသေးစားဒဏ်ရာသာဖြစ်ရန် ဇီဒန်း မျှော်လင့်

တိုက်စစ်မှူး စီရိုနယ်လ်ဒိုအနေဖြင့် အယ်လ်ဂလက်စီကို ပွဲစဉ်တွင် ရီးယဲလ်အတွက် ပထမချေပဂိုးကို သွင်းယူပြီး နောက် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့ရာ အဆန်စီယိုနှင့် လူစားလဲခဲ့ရသည်။ ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုမှာ ရီးယဲလ်အတွက် ချေပဂိုးကို သွင်းယူစဉ် ထိခိုက်မိခဲ့ခြင်း ဖြစ်ပြီး ကွင်းထဲမှာပင် ဆေးကုသမှု ခံယူခဲ့ရသည်။

ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့၏ အယ်လ်ဂလက်စီကို ပွဲစဉ် မယှဉ်ပြိုင်မီ ရီးယဲလ်နည်းပြ ဇီဒန်းက ရာမို့စ်၊ စီရိုနယ်လ်ဒို အပါအဝင် အဓိက ကစားသမားအတော်များများကို ချန်လှပ်ရန် စီစဉ်ထားပြီး ဖြစ်ကြောင်း စပိန်မီဒီယာများက အသားပေးဖော်ပြခဲ့ကြ သော်လည်း နည်းပြ ဇီဒန်းက အင်ပြည့်အားပြည့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပွဲကြိုစကားပါးခဲ့သလို တကယ်တမ်းတွင်လည်း အဓိကကစားသမား အစုံအလင်ဖြင့် ခင်းကျင်းရင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်အနေဖြင့် ကိဗ်တွင် ချန်ပီယံလိဂ်ဗိုလ်လုပွဲ အဖြစ် လီဗာပူးနှင့်ရင်ဆိုင်ရန် ရက်သတ္တ သုံးပတ်တောင် မလိုတော့သည့်အချိန်တွင် စီရိုနယ်လ်ဒို ယခုလို ဒဏ်ရာ ရရှိသွားခြင်းက ရီးယဲလ်အတွက် စိတ်ပူစရာ အနေအထား တစ်ရပ် ဖြစ်လာခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းမှာ လာလီဂါဖလားကို လက်လွှတ်ခဲ့ရပြီးဖြစ်သော်လည်း ဘာစီလိုနာအသင်းကို အဓိက ကစားသမားအစုံအလင်ဖြင့် ကစားစေခဲ့ပြီး စီရိုနယ်လ်ဒို ဒဏ်ရာရရှိခဲ့သဖြင့် နည်းပြ ဇီဒန်း၏ ဆုံးဖြတ်ချက်အပေါ်တွင်လည်း ဝေဖန်သံများ ထွက်လာခဲ့သည်။

သို့သော် ဇီဒန်းက "ရိုနယ်လ်ဒိုက ဒါက အသေးစား ဒဏ်ရာပဲလို့ ကျွန်တော့်ကို ပြောပါတယ်၊ သူ ဘယ်လောက် အထိ ထိခိုက်ဒဏ်ရာရခဲ့သလဲဆိုတာ မနက်ဖြန် စောင့်ကြည့်ရအောင်ပါ။ အသေးစားဒဏ်ရာလို့ ပြောပေမယ့် ကိဗ် (ချန်ပီယံလိဂ်ဗိုလ်လုပွဲ)အတွက်တော့ အနည်းငယ် ပူပန်မိပါတယ်၊ ဒါက မကောင်းပါဘူး၊ ဒါပေမယ့် အသေးစားပဲဖြစ်မယ်လို့ ကျွန်တော် ထင်တယ်"ဟု ပြောကြားခဲ့သည်။



## နာဘေးလ်ဖီကာ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီခဲ့ပြီ ဟူသောသတင်းများကို လိုင်ယွန်ဘက်မှ ငြင်းဆို



လိုင်ယွန်ကွင်းလယ်ဖန်တီးရှင် နာဘေးလ်ဖီကာအနေဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီခဲ့ပြီဆိုဟု ပြင်သစ်သတင်းဌာနများက ဖော်ပြခဲ့ကြသော်လည်း လိုင်ယွန်အသင်းဘက်မှ ငြင်းဆန်ပယ်ချသွားခဲ့သည်။ နာဘေးလ်ဖီကာကို ပြောင်းရွှေ့ကြေး ပေါင် ၆၂ သန်းဖြင့် ရောင်းချရန် လိုင်ယွန်ဘက်မှ သဘောတူထားခဲ့ပြီး နွေစျေးကွက်အစမှာပင် နာဘေးလ်ဖီကာမှာ လီဗာပူးနှင့် ငါးနှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း အာရ်အန်စီစပို့ သတင်းဌာနက ဖော်ပြခဲ့ခြင်းဖြစ်သည်။

သို့သော် လိုင်ယွန်အသင်းအမှုဆောင်ချုပ် အော့လက်စ်က "ကျွန်တော်တို့ယနေ့အထိ လီဗာပူးအသင်းနဲ့ အဆက်အသွယ်မရှိသေးပါဘူး၊ နာဘေးလ်က အခု ဒီနေရာမှာပဲ (လိုင်ယွန်)မှာပဲ ရှိနေတာပါ။ ကျွန်တော်တို့ဟာ လာမယ့်ရာသီ ချန်ပီယံလိဂ်ကစားဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်" ဟု လီဗာပူးနှင့်ပတ်သက်သည့် သတင်းများအပေါ် ငြင်းဆန်သွားခဲ့သည်။

နာဘေးလ်မှာ ယခုနှစ်ဘောလုံးရာသီတွင် လိုင်ယွန်အတွက် ၁၇ ဂိုးသွင်းယူကာ ဂိုးဖန်တီးမှု ခုနစ်ကြိမ် ပြုလုပ်ထားနိုင်ခဲ့သူဖြစ်ရာ သူ့ကို လီဗာပူးအပြင် အာဆင်နယ်ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု သတင်းများ ထွက်နေသည်။ အာဆင်နယ်သည် ပြီးခဲ့သည့် နွေစျေးကွက်အတွင်း လိုင်ယွန်အသင်းမှ တိုက်စစ်မှူး လာကာဇက်ကို ပေါင်သန်း ၅၀ အသုံးပြုခေါ်ယူခဲ့သလို နာဘေးလ်အတွက်လည်း လာကာဇက်ထက် မနည်းသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စဉ်းစားနေကြောင်း သိရသည်။

မေလဲ့သင်း ရေးသားသည်

## ဆာလာ ဒိုင်ဗင်ထိုးခြင်းကို မြင်တွေ့လိုခြင်း မရှိဟု ယာဂန်ကလော့ပ်ဆို



ချယ်လ်ဆီးနဲ့ လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်အတွင်း လီဗာပူးတိုက်စစ်မှူး ဆာလာဟာ ပင်နယ်တီဧရိယာအတွင်း ဒိုင်ဗင်ထိုးခဲ့တာကြောင့် အဝါကတ်ပြသ သတိပေးခံခဲ့ရပါတယ်။ လီဗာပူးနည်းပြ ကလော့ပ် ကိုယ်တိုင်ကလည်း "ကျွန်တော် သူ့ကို ဒါမျိုးလုပ်တာ မမြင်ချင်ပါဘူး၊ ဟုတ်ပါတယ်၊ ဒါက ဒိုင်ဗင်ပစ်ခဲ့တာလို့ ကျွန်တော် ထင်ပါတယ်၊ ဒါမှမဟုတ် သူ့ကို တစ်ခုခုက လာထိတာကို စောင့်နေခဲ့တာလား၊ ဒါလည်း ကျွန်တော် သေချာမသိပါဘူး" ဟု ပြောကြားခဲ့ရာ ပရီမီယာလိဂ် ထိပ်တန်းဂိုးသွင်းရှင်လည်းဖြစ်၊ ပရီမီယာလိဂ်တစ်နှစ်တာအကောင်းဆုံး ကစားသမားလည်းဖြစ်သူ ဆာလာအတွက် သိက္ခာကျစရာဖြစ်ခဲ့ပါတယ်။

ချယ်လ်ဆီးနောက်ခံလူ ကာဟေးလ်က ဖြည်းဖြည်းသာ ထိမိခဲ့ခြင်းဖြစ်ပေမယ့် ဆာလာက ဒိုင်ဗင်ပစ်ပြီး ပင်နယ်တီရရှိဖို့ ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ ကလော့ပ်က "ဒါကို လုပ်ဖို့ သူ ဆန္ဒမရှိလောက်ပါဘူး၊ ဒါပေမယ့် အထင်အရှား ဖြစ်ပျက်ခဲ့ပြီးပါပြီ၊ သူ့အနေနဲ့ ယခင်အသင်းဖော်ဟောင်းတွေကို နှစ်ကြိမ်တောင် ရင်ဆိုင်ခဲ့ရပြီးဖြစ်ပါတယ်၊ ရိုးမားကစားသမားတွေနဲ့ဆို ပွဲမစခင် ရင်ချင်းအပ်ပွေ့ဖက်နှုတ်ဆက်ကြသလို ခု ချယ်လ်ဆီးက ရူဒီဂါနဲ့ဆိုလည်း ဒီအတိုင်းပါပဲ" လို့ ဆိုခဲ့တာဖြစ်ပြီး အသင်းဟောင်းမှ ကစားဖော်များကို ဆာလာ ဖိအားပေးဖို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်တယ်ဆိုတဲ့ စွပ်စွဲချက်တွေအပေါ် ကလော့ပ်က ငြင်းဆိုသွားခဲ့တာဖြစ်ပါတယ်။

လီဗာပူးအနေနဲ့ ယခုပွဲမှာ ချယ်လ်ဆီးအသင်းကို အရှုံးနိမ့်ခဲ့တာကြောင့် ထိပ်တန်း လေးသင်းနဲ့ ရာသီသိမ်းနိုင်ဖို့ ဖိအားဝင်သွားခဲ့ပြီး ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်မှာ ဘရိုက်တန်ကို အနိုင်ကစားဖို့ မဖြစ်မနေ လိုအပ်လာပါပြီ။ ချယ်လ်ဆီးနည်းပြ ကွန်တီကတော့ ချန်ပီယံလိဂ်ဝင်ခွင့်ဟာ ချယ်လ်ဆီးအတွက် လွန်ခဲ့တဲ့တစ်လက မဖြစ်နိုင်လောက်တဲ့ အခြေအနေလို့ အများစုက ယူဆခဲ့ကြပေမယ့် ယခုအချိန်မှာတော့ အားကောင်းတဲ့ အခြေအနေတစ်ရပ်ဖြစ်လာခဲ့ပြီလို့ ကြွေးကြော်သွားခဲ့ပါတယ်။

## ဥရောပပြိုင်ပွဲများ ကစားခွင့်ရရန် လာမည့်ရာသီတွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ဇာဟာ ထွက်ခွာမည်

ခရစ္စတယ်ပဲလေ့စ် တိုက်စစ်မှူး ဇာဟာက ဥရောပပြိုင်ပွဲများ ကစားခွင့်ရဖို့အတွက် လာမယ့်ရာသီမှာ လက်ရှိကလပ်အသင်း ခရစ္စတယ်ပဲလေ့စ်ကနေ ထွက်ခွာမှာဖြစ်ကြောင်း ကာယကံရှင်ကိုယ်တိုင်က အတည်ပြု ပြောကြားခဲ့ပါတယ်။ ဇာဟာက မန်ယူအသင်းမှာ ကစားခဲ့ဖူးပေမယ့် နည်းပြ ဒေးဗစ်မိုယက်စ်လက်အောက်မှာ ပွဲထွက်ခွင့် မရရှိခဲ့တာကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းကို ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။

ဇာဟာကို လီဗာပူး၊ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့က ပေါင်သန်း ၅၀ ဝန်းကျင်နဲ့ ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေကြပြီး ဇာဟာကိုယ်တိုင်ကလည်း ဥရောပပြိုင်ပွဲ (ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်) အတွေ့အကြုံတွေရဖို့ ခရစ္စတယ်ပဲလေ့စ်ကို ကျောခိုင်းဖို့ ဆုံးဖြတ်ထားကြောင်း ကိုယ်တိုင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဇာဟာက သူ့အနေနဲ့ မန်ယူလို ပရီမီယာလိဂ်အသင်းကြီးတစ်သင်းမှာ မအောင်မြင်ခဲ့ပေမယ့် ဒီအတိတ်က အတွေ့အကြုံဆိုးက သူ အသင်းကြီးတစ်သင်းကို ပြောင်းရွှေ့ဖို့ ကြောက်ရွံ့နေမှာ မဟုတ်ဘူးလို့လည်း ဆိုခဲ့ပါသေးတယ်။



# ကမ္ဘာ့ကြက်ခြေနီနေ့နှင့် လခြမ်းနီနေ့

ဒေါက်တာဇော်ထွန်းလင်း(ဆေးပညာမဟာသိပ္ပံ)

၂၀၁၈ ခုနှစ် မေ ၈ ရက်သည် ကမ္ဘာ့ကြက်ခြေနီနှင့်လခြမ်းနီနေ့ဖြစ်သည်။ နိုင်ငံတကာ ကြက်ခြေနီကော်မတီ (International Committee of The Red Cross,ICRC) ကို တည်ထောင်သူနှင့် ပထမဦးဆုံး ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိသူ ကရုဏာရှင်ကြီး ဟင်နရီဒူးနန့် (Jean Henry Dunant) ကို ဂုဏ်ပြုသောအားဖြင့် သူ၏မွေးနေ့(၁၈၂၈ ခုနှစ် မေလ ၈ ရက်နေ့)ကို ကမ္ဘာ့ကြက်ခြေနီနှင့် လခြမ်းနီနေ့အဖြစ် ကျင်းပရခြင်းဖြစ်ပါသည်။

ကမ္ဘာ့ကြက်ခြေနီလုပ်ငန်းသည် လူသားချင်းစာနာထောက်ထားသော ကရုဏာလုပ်ငန်းကြီးဖြစ်ပြီး စေတနာရှင် လုပ်အားပေးများ၊ အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ စုစုပေါင်း လူ ၉၇ သန်းခန့် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေသော ဂုဏ်ပြုဖွယ်ရာ လုပ်ငန်းကြီးဖြစ်ပေသည်။

**အဖြူရောင် လက်မောင်းပတ်**

ဆွစ်လူမျိုး ကုန်သည်ကလေး ဟင်နရီဒူးနန့်သည် ၁၈၅၉ ခုနှစ်ဇွန်လတွင် ခရီးသွားလာရင်း အီတလီနိုင်ငံ ဆိုဖာရီနိုတိုက်ပွဲ (Battle of Solferino)ဖြစ်နေချိန်၌ ၎င်းစစ်မြေပြင်သို့ ခရီးသွားဟန်လွဲ ရောက်ရှိခဲ့သည်။ ထိုစစ်မြေပြင်မှ ကူရာမဲ့ ဒဏ်ရာရသူများ၊ သေလုမြောပါးလူနာများ၊ လူသေများ စသည့် စိတ်မချမ်းမြေ့ဖွယ်ရာ အနိဋ္ဌာရုံ အဖုံဖုံကို သူ၏ "ဆိုဖာရီနိုသတိရဖွယ် ၁၈၆၂ (A Memory of Solferino 1862)"တွင် ရေးသားဖော်ပြခဲ့သည်။ ၁၈၅၉ ခုနှစ် ဇွန်၂၄ ရက်နေ့ တစ်နေ့တည်းတွင် နှစ်ဖက်စစ်သား လေးသောင်းခန့်သည် ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ ကြုံတွေ့ရပြီး ဆေးအကူအညီ လုံးဝမရရှိကြသည်ကို ဒူးနန့်တွေ့ရသောအခါ သွေးပျက်ထိတ်လန့်ခဲ့ရသည်။ သူ၏ မူလသွားမည့် ခရီးကို ဆက်မသွားတော့ဘဲ ထိုဒဏ်ရာရစစ်သားများအား ပြုစုကုသခြင်း၊ ကူညီခြင်းများကို ဒေသခံရွာသားများ အကူအညီဖြင့် ရက်ပေါင်းများစွာ လုပ်ဆောင်ပေးခဲ့သည်။

ဂျီနီဗာသို့ ပြန်ရောက်ပြီးနောက် ထိုစာအုပ်ကို မိမိငွေဖြင့် အကုန်အကျခံထုတ်ဝေခဲ့သည်။ ဥရောပတစ်လွှားရှိ နိုင်ငံရေးနှင့်စစ်ရေး အထက်ပိုင်းပုဂ္ဂိုလ်များအနေနှင့် ဒုက္ခရောက်သူများကို ကူညီရန်၊ သူ့အား အကူအညီပေးလိမ့်မည်ဟု ထင်သောကြောင့်ဖြစ်ပေသည်။ ထို့ပြင် စစ်မြေပြင်တွင် ဒဏ်ရာရသူများကို ဘက်မလိုက်ဘဲ သူနာပြုရသော ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို အကာအကွယ်ပေးနိုင်ရေးအတွက်လည်းကောင်း၊ စစ်မြေပြင်ဆေးရုံများကို နှစ်ဦးနှစ်ဖက်မှ အန္တရာယ်မပြုနိုင်ရေးအတွက်လည်းကောင်း အစီအမံများ၊ မူဝါဒများကို တင်ပြခဲ့သည်။ ဤသို့ ကူရာမဲ့ဒုက္ခရောက်နေသူများကို (လူသားချင်းစာနာထောက်ထားသောအားဖြင့်) ကူညီရန်၊ ကြက်ခြေနီလုပ်ငန်းများလုပ်ရန် လိုအပ်ကြောင်း၊ ကြက်ခြေနီလုပ်ငန်းများအတွက် အခြေခံမှုများလိုအပ်ကြောင်း ရေးသားခဲ့သည်။ သို့နှင့် ထိုစာအုပ် ထွက်ပြီး တစ်နှစ်အကြာ(၁၈၆၃ ခုနှစ်)တွင်၊အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committe of The Red Cross, ICRC) ကို ဖွဲ့စည်းလှုပ်ရှားနိုင်ခဲ့သည်။

၁၈၆၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ နိုင်ငံတကာ ကြက်ခြေနီကော်မတီသည် အောက်ပါ အခြေခံမှုများကို ချမှတ်နိုင်ခဲ့သည်။ (၁) အမျိုးသား အဖွဲ့အစည်းများကို ဒဏ်ရာရစစ်သားများအား ကူညီပြုစုကုသရေးအတွက် ဖွဲ့စည်းနိုင်ရေး၊ (၂) ဒဏ်ရာရသူများကို ကြားနေဝါဒဖြင့် အကာအကွယ်ပေးနိုင်ရေး၊ (၃) ဒေသခံများကို စေတနာလုပ်အားပေးများအနေဖြင့် စစ်မြေပြင်လူနာများ ပြုစုကူညီရာတွင် အသုံးပြုနိုင်ရေး၊ (၄)ကြက်ခြေနီ အခြေခံမှုများကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရေးအတွက် နောက်ထပ်ညီလာခံများ ထပ်မံစည်းရုံးဆောင်ရွက်နိုင်ရေး၊ (၅) ကြက်ခြေနီအဖွဲ့ဝင်ကို စစ်မြေပြင်တွင် နှစ်ဖက်စစ်သည်များနှင့် မရောထွေးစေရန်၊ အကာအကွယ်ဖြစ်စေရန် သင်္ကေတအဖြစ် ကြက်ခြေနီသင်္ကေတပါသော အဖြူရောင် လက်မောင်းပတ်ကို ဝတ်ဆင်ရန်တို့ဖြစ်သည်။

နောက်တစ်နှစ်ကြာသောအခါ ဆွစ်ဇာလန်အစိုးရသည် ဥရောပနိုင်ငံများသာမက အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးနှင့် မက္ကဆီကိုနိုင်ငံများကိုပါ ဖိတ်ကြားသည်။

သို့နှင့် ၁၈၆၄ ခုနှစ်ဩဂုတ် ၂၂ ရက်တွင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၂၆ ဦးပါဝင်သော ညီလာခံမှ ပထမဦးဆုံးအကြိမ် ဂျီနီဗာသဘောတူစာချုပ် (Geneva Convention) ကို ချုပ်ဆိုနိုင်ခဲ့သည်။ စစ်မြေပြင်တွင် ဒဏ်ရာရစစ်သားများကို သက်သာအောင်ဆောင်ရွက်ပေးရန် (Amelioration of The Conditions of The Wounded in Armies in The Field) အတွက် ဖြစ်သည်။ နိုင်ငံ ၁၂ နိုင်ငံမှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုစာချုပ်တွင် အချက်(၁၀)ချက်ပါဝင်ပြီး ဒဏ်ရာရစစ်သားများ၊ စစ်မြေပြင်ဆေးဝန်ထမ်းများ၊ လူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများအတွက် ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်းနှင့် ကာကွယ်ခြင်းများကို လုပ်ဆောင်နိုင်ရန် အဓိကထားရှိသည်။သို့မှသာ စစ်မြေပြင်တွင် ကြက်ခြေနီများအနေဖြင့် ဒဏ်ရာရသူများကို ကူညီပြုစုရာတွင် အန္တရာယ်ကင်းစွာ လုပ်ဆောင်နိုင်မည်ဖြစ်ပေသည်။

**နိုင်ငံအလိုက် ကြက်ခြေနီအသင်းအဖွဲ့များ ပေါ်ထွန်းလာခြင်း**

ဂျီနီဗာကွန်ဗင်းရှင်း ထွက်ပေါ်လာပြီးနောက် ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ပြင်သစ်၊အိုဒင်ဘာဂ်၊ပရပ်ရှား၊ စပိန်နှင့် ဝူတင်ဘာဂ် (Wurttemberg) နိုင်ငံများတွင် ကမ္ဘာ့ပထမဦးဆုံး ကြက်ခြေနီအသင်းများကို ဖွဲ့စည်းခဲ့ကြသည်။ ၁၈၆၄ ခုနှစ်တွင် ဒပ်ချ်စစ်တပ်မှ ဗိုလ်ကြီးလူးဝစ်အက်ပ်ပီးယား(Louris Appia)နှင့် ချားလ်ဗန်ဒီဗဲဒီ (Charles Vande Velde)တို့သည် လွတ်လပ်သော၊ ကြားနေသော၊ ဘက်မလိုက်သော ကြက်ခြေနီကိုယ်စားလှယ်များဖြစ်လာခဲ့ကြသည်။

၁၈၆၇ ခုနှစ်တွင် စစ်မြေပြင်ဒဏ်ရာရသူများအတွက် အမျိုးသားရှေးဦးသူနာပြု နိုင်ငံတကာညီလာခံ (International Conference of National Aid Societies for The Nursing of The War Wounded) ကိုကျင်းပနိုင်ခဲ့သည်။ နောင်နှစ်များတွင် ဥရောပရှိနိုင်ငံတိုင်းတွင် ကြက်ခြေနီအဖွဲ့များကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၈၇၆ ခုနှစ်တွင် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကို International Committee of The Red Cross, ICRC အဖြစ် တရားဝင် ခေါ်ဝေါ်သတ်မှတ်ခဲ့ရာ ယနေ့တိုင်ဖြစ်ပါသည်။ ဤသို့ဖြင့် ကမ္ဘာ့နိုင်ငံအားလုံးနီးပါး ဂျီနီဗာကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးလာကြသည်။ ကမ္ဘာ့ကြက်ခြေနီလုပ်ငန်းသည် နိုင်ငံတကာက လေးစားရသော လုပ်ငန်းကြီးဖြစ်လာပြီး စေတနာ့ဝန်ထမ်းလုပ်ငန်းအဖြစ် ထင်ရှားလာခဲ့ပေသည်။




အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် ၁၉၂၁ ခုနှစ်တွင် ပြဋ္ဌာန်းသောစည်းမျဉ်းဥပဒေ၌ ဆင်းရဲနွမ်းပါးသူများအားကူညီခြင်း၊ ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း၊ လွတ်လပ်ခြင်းနှင့်ခွဲခြားမှုမရှိခြင်း စသည့်အချက် လေးချက်ကို မူဝါဒအဖြစ်ထည့်သွင်းခဲ့သည်။

၁၉၄၈ ခုနှစ်တွင် အမျိုးသားကြက်ခြေနီအသင်းများအတွက် အခြေခံအချက်အလက်များကို ပြင်ဆင်သတ်မှတ်ရာ၌ ဖော်ပြပါ အခြေခံမှုလေးချက်ကို ထည့်သွင်းခဲ့သည်။ ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်းတွင် ယင်းမူဝါဒများကို ပုဒ်မ ၄၄/၁ နှင့် ၆၃/၄ တို့တွင်ဖော်ပြထားရှိသည်။ ၁၉၅၅ ခုနှစ်တွင် ဂျင်ပစ်တေးဆိုသူက နောက်ထပ်အချက်များကို ဖြည့်စွက်၍ အခြေခံမှုများကို ပြင်ဆင်သတ်မှတ်လိုက်သည့်အခါ ယခုလက်ရှိကျင့်သုံးနေသော ကြက်ခြေနီအခြေခံမှု ခုနစ်ချက်အဖြစ် ပေါ်ထွက်လာခဲ့သည်။ ယင်းတို့မှာ (၁) လူမှုကရုဏာနှင့်စာနာထောက်ထားခြင်း (Humanity)၊ (၂) ခွဲခြားမှုမရှိခြင်း(Impartiality)၊ (၃) ကြားနေခြင်း(Neutrality)၊ (၄) လွတ်လပ်ခြင်း(Independence)၊ (၅) စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း (Voluntary Service)၊ (၆) စည်းလုံးညီညွတ်ခြင်း(Unity)၊ (၇) ကမ္ဘာတစ်လွှားပျံ့နှံ့ခြင်း (Universality) ဟူ၍ ဖြစ်ပါသည်။

အဆိုပါအခြေခံမှု(၇)ချက်ကို ၁၉၆၅ခုနှစ် ဗီယင်နာမြို့တွင်ပြုလုပ်သော အကြိမ်(၂၀)မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမှုများအဖြစ် အတည်ပြုနိုင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ကျင်းပသော (၂၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် အဆိုပါမူဝါဒများကို ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုနည်းဥပဒေ၏ နိဒါန်းတွင်ထည့်သွင်းပြီး အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများအနေနှင့် လေးစားလိုက်နာရန် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အများသိရှိအောင် အသိပညာပေးရန်တာဝန်ပေးအပ်ခဲ့ပါသည်။

**မြန်မာနိုင်ငံနှင့်ကြက်ခြေနီ**

ဒုက္ခရောက်သူကို ကူညီခြင်း၊ ဆင်းရဲသူများအား ပေးကမ်းလှူဒါန်း ဒါနပြုခြင်း၊ အများကောင်းကျိုးဆောင်ရွက်ခြင်း၊ ဆေးလှူခြင်းနှင့် ဆေးကုလုပ်အားဒါနအလှူ လုပ်အားပေးခြင်းတို့သည် မြန်မာတို့ပြုနေကျလုပ်ငန်းများဖြစ်သဖြင့် ကြက်ခြေနီလုပ်ငန်းများတွင် မြန်မာတို့ မစိမ်းဟု ဆိုရပေမည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင်စတင်ဖွဲ့စည်းကာ ၁၉၉၂ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဂျီနီဗာသဘောတူစာချုပ် လက်မှတ်ရေးထိုးသည့် နိုင်ငံဖြစ်လာသည်။

**ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်**

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပေရာ ဒေသအလိုက်ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါတားဆီးရေးနှင့် ဘေးဒုက္ခရောက်သူများအား ကူညီရေးလုပ်ငန်းစဉ်များကို ပြည်နယ်ပြည်မ၊ တောင်ပေါ်မြေပြန့်၊ တောရောမြို့ပါမကျန် ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာ၊ အသားအရောင်မခွဲခြားဘဲ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်လျက် ရှိပေသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်ခြေနီကော်မတီများ၊ ခရိုင်၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် တက္ကသိုလ်၊ ကောလိပ်သိပ္ပံကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာမကျန် ကြက်ခြေနီအသင်းခွဲများ ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကြက်ခြေနီ အမြင့်ဆုံးဟင်နရီဒူးနန့်ဆုကို ၁၉၇၇ ခုနှစ်တွင် စိုင်းအောင်လှိုင်မြင့်က ရရှိခဲ့ခြင်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ထိပ်တန်းအောင်မြင်မှုသမိုင်းမှတ်တိုင်ကြီးဖြစ်ပေသည်။

၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံတွင် လူတစ်သိန်းခွဲနီးပါး သေကျေပျောက်ဆုံးခဲ့ရသည့် နာဂစ်မုန်တိုင်းတွင်လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် လက်တွဲလျက် ကမ္ဘာ့ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့၊ ကမ္ဘာအနှံ့အပြားမှ ကြက်ခြေနီအဖွဲ့များ ပူးပေါင်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းမှာလည်း မြန်မာ့ကြက်ခြေနီအသင်း၏ သမိုင်းမှတ်တိုင်ကြီး တစ်ခုလည်းဖြစ်ပါသည်။

သို့ပါ၍ "ရိုင်းပင်းကူညီ ကြက်ခြေနီ" ဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၁၈ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနှင့် လခြမ်းနီနေ့တွင် လူသားတိုင်းသည် လူအချင်းချင်း မေတ္တာ စေတနာထားကြ၍ ကမ္ဘာ့နေရာမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ခရီးအနီးအဝေးမရွေးဘဲ ဆင်းရဲဒုက္ခရောက်၍ အကူအညီလိုအပ်ပါက အချိန်မရွေးပေးနိုင်ကြစေရန် ရည်သန်၍ ကမ္ဘာ့ကြက်ခြေနီလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ခြင်း၊ ကူညီထောက်ပံ့ခြင်းများ ပြုလုပ်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

"လူသားတိုင်းသည် လူအချင်းချင်း မေတ္တာ စေတနာထားကြ၍ ကမ္ဘာ့နေရာမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ခရီးအနီးအဝေးမရွေးဘဲ ဆင်းရဲဒုက္ခရောက်၍ အကူအညီလိုအပ်ပါက အချိန်မရွေးပေးနိုင်ကြစေရန်..."

# မကွေး၌ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိမည်



**မကွေး မေ ၇**
မကွေးဒေသတွင်း ရက်သတ္တပတ်ကျော် ပြတ်တောက်နေသည့် လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ချိရေးလုပ်ငန်းများအား အစောဆုံး မေ ၈ ရက် ညနေပိုင်း သို့မဟုတ် မေ ၉ ရက်တွင် ပြန်လည်စတင်နိုင်တော့မည်ဖြစ်ကြောင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန မကွေး ပင်မဓာတ်အားခွဲရုံ ခွဲရုံမှူးထံမှ သိရသည်။

မကွေးမြို့ ပင်မဓာတ်အားခွဲရုံမှ ၂၀ အမ်ဗွီအေထရန်စဖော်မာသုံးလုံးဖြင့် မကွေး၊ ရေနံချောင်း၊ မြင်ကွန်း၊ မိကျောင်းရဲ စသည့်ဒေသများသို့ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်စေရန် ပေးပို့မှုများရှိခဲ့ပြီး ဧပြီ ၃၀ ရက်တွင် ရှဉ့်ပြုတ်ကျမှုဖြစ်စဉ်ကြောင့် ထရန်စဖော်မာများ ထိခိုက်ပျက်စီးကာ ဓာတ်အား ပြတ်တောက်ခဲ့ရကြောင်း၊ မေ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံမှ ၁၃ ဒသမ ၃၃ အမ်ဗွီအေ ထရန်စဖော်မာလေးလုံး သယ်ယူခဲ့ပြီး မေ၄ ရက်တွင် မကွေးပင်မခွဲရုံ၌ တပ်ဆင်ခဲ့ကြောင်း၊ မေ ၆ ရက်တွင် ထရန်စဖော်မာဆီထည့်၍ ဆီအတွင်းရေခိုးရေငွေ့ ပါဝင်မှုမရှိစေရန် စစ်ဆေးနေကြောင်း လတ်တလော အခြေအနေအား သိရသည်။

ဆီထည့်ပြီး ၂၄ နာရီစောင့်ဆိုင်း၍ စစ်ဆေးမှုများအဆင်ပြေပါက မေ ၈ ရက်တွင် နေပြည်တော် ဓာတ်အားပို့လွှတ်မှု စစ်ဆေးရေးဌာနမှ လာရောက် စစ်ဆေးမည်ဖြစ်ကြောင်း၊ ဓာတ်အားပို့လွှတ်ရန် အဆင်ပြေပါက လျှပ်စစ်ဓာတ်အားလိုင်းပေါ်တွင် ၁၂ နာရီကြာ ပို့လွှတ်ထားပြီးမှ လျှပ်စစ်သုံးစွဲသူပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန မကွေးပင်မ ဓာတ်အားခွဲရုံ ခွဲရုံမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဖိုးလှိုင်ထံမှ သိရသည်။

"အရင်က ၂၀ အမ်ဗွီအေ ထရန်စဖော်မာ သုံးလုံး စုစုပေါင်း ၆၀ အမ်ဗွီအေနဲ့ ဓာတ်အား ပို့လွှတ်ခဲ့တာပါ၊ အခုပြန်လည်တပ်ဆင်တာက ၁၃ ဒသမ ၃၃ အမ်ဗွီအေ ထရန်စဖော်မာ သုံးလုံး စုစုပေါင်း ၃၉ ဒသမ ၉၉ အမ်ဗွီအေ ဖြစ်ပါတယ်၊ ၆၀ အမ်ဗွီအေနဲ့ ဓာတ်အားပို့တုန်းကလည်း သုံးစွဲမှုပမာဏက ၂၁ အမ်ဗွီအေသာရှိခဲ့ပါတယ်၊ အခုတပ်ဆင်မှုမှာ အမ်ဗွီအေ နည်းသွားပေမယ့် အရင်ကလိုပဲ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်မှာပါ၊ အရန်ထရန်စဖော်မာ ၁၃ ဒသမ ၃၃ အမ်ဗွီအေ တစ်လုံးလည်း အရန်သင့်ထားရှိပြီးဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် မကွေးဒေသတွင်း နယ်ပယ်စုံတွင် ထိခိုက်နစ်နာမှုနှင့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပြီး လျှပ်စစ်ဝန်ထမ်းများက နေ့ည ဆက်တိုက်ပြုပြင်လဲလှယ်တပ်ဆင်မှုများ၊ ၁၅ အမ်ဗွီအေ မိန်းထရန်စဖော်မာဖြင့် အချိန်ဇယားများ ရေးဆွဲကာ အလှည့်ကျ ဓာတ်အားဖြန့်ဝေမှုများ ဆောင်ရွက်ခဲ့ကြသည်။

စေတနာရှင် ပြည်သူများက လျှပ်စစ်မီး ပြန်လည်ရရှိရေး ဆောင်ရွက်နေသော ဝန်ထမ်းများအား အာဟာရဒါနများ ပြုလုပ်ကာ အသိအမှတ်ပြုလျက်ရှိနေပြီး လုပ်ငန်းစဉ် အခြေအနေများအရ မေ ၉ ရက်တွင် ပုံမှန်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



## ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စွမ်းရည်ပြိုင်

**ချမ်းအေးသာစံ မေ ၇**
မန္တလေးခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ကြက်ခြေနီ စွမ်းရည်ပြိုင်ပွဲများကို မေ ၆ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြိုင်ပွဲစည်းကမ်းများအား ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူးက ရှင်းလင်းပြောကြားပြီး မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့မှ အမျိုးသားအဖွဲ့သုံးဖွဲ့၊ အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ အမျိုးသမီး နှစ်ဖွဲ့တို့က ကြက်ခြေနီလူနာ ကယ်ဆယ်ရေးစွမ်းရည်များ ယှဉ်ပြိုင်ကြရာ စစ်ဆေးအကဲဖြတ် အမှတ်ပေးကြသည်။

မန္တလေးခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှကြွယ်၊ အတွင်းရေးမှူး ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဝင်းလွင်ထွန်းနှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများကို မေ ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည့် မန္တလေးတိုင်းဒေသကြီး ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား၌ ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မြေငှားဂရန်ပေးအပ်ခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုရုံး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၇**
နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်း(မြောက်)ကျေးရွာတွင် မေ ၆ ရက် ညနေ ၄ နာရီက ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားပြုလုပ်ရာ နေပြည်တော်ကောင်စီ အတွင်းရေးမှူး နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသော်ဝင်းက ကျေးရွာမြေငှားဂရန်များ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇလောင်း(မြောက်)ကျေးရွာရှိ ကျေးရွာမြေငှားဂရန် ထုတ်ပေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် မြေငှားဂရန် ၄၂ ခုကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသော်ဝင်း၊ ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက အသီးသီး ပေးအပ်ခဲ့သည်။

ရပ်မိရပ်ဖဖြစ်သည့် ဦးဝင်းလွင်က ကျေးလက်နေပြည်သူများ၏ နေအိမ်ဝိုင်းခြံမြေများအား ခိုင်မာသည့် အထောက်အထားဖြစ်သော မြေငှားဂရန်ရရှိရေး၊ မိမိနေအိမ်ဝိုင်းခြံမြေများအလိုက် ပိုင်ဆိုင်မှုဧရိယာ သတ်သတ်မှတ်မှတ်ရရှိရေးတို့အတွက် အခက်အခဲမရှိအောင် စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးသည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)မှ ပုံစံ (၆၆/၆) ပြုလုပ်ပေးရန် လျှောက်ထားလာခြင်းအပေါ် သဘောထားမှတ်ချက်ပေးခြင်း၊ ငါးနှစ်အောက် ကလေးငယ်များအား မွေးတိုးဆောင်ရွက်ပေးခြင်း၊ သေဆုံးသူစာရင်းပယ်ဖျက်ခြင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများအား တောင်သူများသိရှိနိုင်ရန်အတွက် ပညာပေးခြင်း၊ တန်ဖိုးနည်းအခွန်တံဆိပ်ခေါင်း ရောင်းချခြင်း၊ သာမန်ဖျားနာကုသပေးခြင်း၊ မီးဘေးလုံခြုံရေး ထောက်ခံချက်ပေးခြင်းနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေးခြင်းတို့ကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့် (ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် သတင်းမီဒီယာ ဆင့်ပွားသင်တန်းဖွင့်

**ချမ်းအေးသာစံ မေ ၇**
ပြည်သူများသို့ တရားရုံးမှ တိကျမှန်ကန်သောသတင်းအချက်အလက်များထုတ်ပြန်နိုင်ရေး၊ တရားစီရင်ရေးကဏ္ဍနှင့်သတင်းမီဒီယာဆက်ဆံရေးကျွမ်းကျင်မှု တိုးတက်လာစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် သတင်းမီဒီယာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲကို မေ ၅ ရက်က ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၆၈ လမ်းနှင့် ၇၀ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ပါ ဦးစားပေးအဆင့်နှင့် ရည်မှန်းချက်များကို သိရှိနားလည်ပြီး သတင်းမီဒီယာများနှင့်ဆက်ဆံရာတွင်လည်းကောင်း၊ ပြည်သူများသို့ တရားရုံးနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့်အချက်များ သိရှိနားလည်ကာ သင်တန်းအတွေ့အကြုံများကို လက်တွေ့နယ်ပယ်တွင် ကောင်းမွန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုနှင့် ခရိုင် နှင့် မြို့နယ်တရားရေးအရာရှိ ၄၂ ဦး တက်ရောက်ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

## တိုင်းဒေသကြီးနှင့်ပြည်နယ် စစ်တုရင်ပြိုင်ပွဲ ဆဋ္ဌမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၇**
တိုင်းဒေသကြီးနှင့်ပြည်နယ် စစ်တုရင်ပြိုင်ပွဲများအား ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)တွင် ဆဋ္ဌမမြောက်နေ့အဖြစ် မေ ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တစ်ဦးချင်းပွဲစဉ်များအဖြစ် မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် စုစုပေါင်း ၃၈ ဦး၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးစစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်စုစုပေါင်း ၃၂ဦး၊ အသက် (၂၀) အောက် စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် စုစုပေါင်း ၄၆ ဦး၊ အပြည်ပြည်ဆိုင်ရာ အလွတ်တန်း စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်စုစုပေါင်း ၅၄ ဦး အသီးသီး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ် စစ်တုရင်ပြိုင်ပွဲကို မေ ၂ ရက်မှ ၉ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(ဘီ)တွင် ပြိုင်ပွဲများကို နေ့စဉ် နံနက် ၉ နာရီမှစ၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**



# ချင်းတွင်းမြစ်အတွင်း ရေယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး တံစုန်းတန်ချိန် ၅၀ ကျော် ရှင်းလင်းပေး



**မုံရွာ မေ ၇**

ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ ၂၀၁၈ ဖေဖော်ဝါရီနှင့် မတ်အတွင်းက အမှတ် (၂) တံစုန်းနုတ်ရေယာဉ် (we,-2)ဖြင့် တံစုန်းတန်ချိန် ၅၅ တန်ကို နုတ်ပေးခဲ့ကြောင်း သိရသည်။

"နွေရာသီမြစ်ရေနည်းပါးချိန်မှာ ချင်းတွင်းမြစ်ကို အထက်အောက်စုန်ဆန် သွားလာကြတဲ့ လူစီးအမြန်ရေယာဉ်တွေ၊ ကုန်တင်ရေယာဉ်တွေနဲ့ ပက်လက်တဲ့တွေ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ဖို့အတွက် တံစုန်းနုတ်လုပ်ငန်းကို နှစ်စဉ်မြစ်ရေနည်းပါးချိန်တွေမှာ လုပ်ဆောင်တာပါ။ အခုနှစ်မှာတော့ အပိုင်းနှစ်ပိုင်းခွဲပြီး လုပ်ဆောင်တာ၊ အပိုင်း(၁)ဖြစ်တဲ့ မုံရွာ-မော်လိုက် အပိုင်းကိုတော့ ဇန်နဝါရီလနဲ့ အပိုင်း(၂)ဖြစ်တဲ့ မော်လိုက်-ဟုမ္မလင်းအပိုင်းကိုတော့ဖေဖော်ဝါရီလအတွင်းမှာ နုတ်ခဲ့တာပါ၊ အပိုင်း(၁) နုတ်တဲ့အချိန်တုန်းကတော့ စက်ချွတ်ယွင်းမှု ဖြစ်ခဲ့တဲ့အတွက် ပြင်ဆင်ပြီး နုတ်ခဲ့ရပေမယ့် အပိုင်း(၂)မှာတော့ အခက်အခဲသိပ်မရှိပါဘူး၊ တံစုန်းနုတ်သိမ်းပြီးချိန်မှာတော့ အားလုံး ၅၅ တန် နုတ်ပေးနိုင်ခဲ့ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်စိုးက ပြောသည်။

အပိုင်း(၁)အဖြစ်သတ်မှတ်ထားသည့် ချင်းတွင်းမြစ်အောက်ပိုင်း မုံရွာမြို့နယ်မှ မော်လိုက်မြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် တံစုန်းတန်ချိန် ၂၅ တန်အားလည်းကောင်း၊ အပိုင်း(၂)အဖြစ်သတ်မှတ်ထားသော ချင်းတွင်းအထက်ပိုင်း မော်လိုက်မြို့နယ်မှ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်တွင် တံစုန်းတန်ချိန် ၃၀ အား လည်းကောင်း နုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## လေဘေးသင့်ပြည်သူများသို့ Family Kits များ ပေးအပ်

**ပေါင်းတည် မေ ၇**

ပေါင်းတည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများသို့ Family Kits များပေးအပ်ခြင်းအခမ်းအနားကို မေ ၄ ရက် မွန်းလွဲ ၁ နာရီက ပေါင်းတည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လေဘေးသင့်အိမ်ထောင်စု ၇၁၇ စုအား Family Kits ၅၂၆ ထုပ် ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် လူထုဗဟိုပြု စီမံကိန်း လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မိုးညို မေ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း(CDD) မှ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရာ တတိယနှစ်စက်ဝန်းတွင် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီး ကျေးလက်ဦးစီးမှူး ဦးမျိုးသိန်းသည် သာယာဝတီခရိုင် ကျေးလက်ဦးစီးမှူးနှင့်အတူ မေ ၄ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့သည် မြို့နယ်ကျေးလက်ဝန်ထမ်းများ၊ CDD ဝန်ထမ်းများနှင့်တွေ့ဆုံပြီးလူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများအား ကွင်းဆင်းကြည့်ရှုရာ ငါးကယ်အုပ်စု အင်းဇလွဲကျေးရွာတွင် (CDD)မှ လူထုနားနေဆောင်ဆောက်လုပ်နေမှု၊ ဇီးပင်အုပ်စု ရွာသစ်ကျေးရွာ ဒီဇယ်အင်ဂျင်မီးလင်းရေးလုပ်ငန်းနှင့် သာယာကုန်းအုပ်စု သပြေပင်ကျေးရွာ စာသင်ကျောင်းဆောက်လုပ်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုပြီး ကျေးရွာအုပ်စုနှင့် ကျေးရွာများမှ စီမံကိန်းဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

## သုံးခွမြို့နယ် နန်းခလဲကျေးရွာတွင် မီးဘေးလုံခြုံရေးဟောပြော၊ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသ

**သုံးခွ မေ ၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကိုရီးယားနိုင်ငံ KOICA အဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နန်းခလဲကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း(မူလွန်)တွင် မေ ၆ ရက် ညနေ ၄ နာရီခွဲက မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသပွဲကျင်းပသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးသွင်ယုနိုင်က မီးဘေးလုံခြုံရေး၊ မီးလောင်မှုမဖြစ်ပွားစေရေးအတွက်မီးဘေးကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရွက်ရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်းကောင်း၊ မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်း၊ လျှပ်စစ်မီး၊ မီးဖိုချောင်မီးကြွင်းမီးကျန်မီး၊ ဂက်စ်မီး၊ ပေါ့ဆမီး၊ လောင်စာဆီ မီးလောင်ကျွမ်းမှုဖြစ်စဉ်များနှင့် သုံးခွမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်စဉ်မှတ်တမ်းများကိုလည်းကောင်း ပရိုဂျက်တာဖြင့် ပြသရှင်းလင်းခဲ့သည်။

ထို့နောက် ကျောင်းဝင်းအတွင်း မီးသတ်ဦးစီးမှူးနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်လင်းနှင့် ကျေးရွာသူ ကျေးရွာသားများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**




## မှူးခင်းအသိပညာပေး

**မြောက်ဥက္ကလာပ**။ ။ ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလှိုင်သည် မေ ၄ ရက် ည ၇ နာရီက (၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှုပပျောက်ရေး၊ မှုခင်းကျဆင်းရေးတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ဒဂုံမြို့သစ် (မြောက်ပိုင်း)**။ ။ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးခိုင်ဦးသည် မေ ၃ ရက် ည ၈ နာရီက (၂၈)ရပ်ကွက် ချမ်းမြေ့အရိယာဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ဆိပ်ကြီးခနောင်တို**။ ။ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ဦးထွန်းအိုရပ်ကွက်ရုံး၌ မေ ၆ ရက် ညနေ ၆ နာရီက ဆိပ်ကြီးခနောင်တိုစခန်းမှူး ဒုရဲမှူးနိုင်ဝင်းက သက်ငယ်မုဒိမ်းမှုပပျောက်ရေး ပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေ ပြည်သူ ၅၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၁၈**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အလေးထားဆောင်ရွက်

**အိမ်မဲ မေ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို အိမ်တိုင်ရာရောက် လိုက်လံဆောင်ရွက်ပေးလျက်ရှိသည်။

အိမ်မဲမြို့နယ်အတွင်း မေ ၅ ရက် နံနက်ပိုင်းက သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နေရာအနှံ့လှည့်လည်၍ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး မြို့တွင်းရေစီးရေလာကောင်းမွန်စေရေး၊ သန့်ရှင်းလှပစေရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မကြာမီမိုးရာသီကာလကိုရောက်ရှိလာတော့မည်ဖြစ်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော လှုံ့ဆော်ပညာပေးဟောပြောခြင်း လက်ကမ်းစာစောင်များဝေငှခြင်း၊ ဗီနိုင်းများကပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းတို့ကို မြို့နယ်လုံးကျွတ် ဆောင်ရွက်နေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ပဲခူး မေ ၇**

မေ ၈ ရက်တွင် ကျရောက်မည့်ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၆ ရက် နံနက် ၇ နာရီက ပဲခူးမြို့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြသည်။

ရှေးဦးသူနာပြုလုပ်ငန်းများကို စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့သူ ကြက်ခြေနီဖခင်ကြီး ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသောအားဖြင့် ၎င်း၏မွေးနေ့ဖြစ်သော မေ ၈ ရက်ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ထားရှိကြောင်း၊ အဆိုပါနေ့တွင် နိုင်ငံတစ်ဝန်း၌ အထိမ်းအမှတ်ပွဲများ၊ အခမ်းအနားများ၊ စုပေါင်းသွေးလှူဒါန်းခြင်းများ၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြကြောင်း ပဲခူးခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဟန်အောင်က ပြောသည်။

ပဲခူးဆေးရုံကြီးကုသဆောင်များအတွင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီအဖွဲ့နှင့်အတူ ကြက်ခြေနီတပ်ဖွဲ့ဝင် ၇၀ ခန့်တို့က လူနာဆောင်များနှင့် သန့်စင်ခန်းများအား ဆေးကြောသန့်စင်ခြင်း၊ ပိုးသတ်ဆေး ပက်ဖျန်းပေးခြင်းများ ပြုလုပ်ကြပြီး လိုအပ်သည်များကိုလည်း ပဲခူးမြို့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကူညီပံ့ပိုးပေးကြကြောင်းသိရသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်က ယခုလိုတပ်ရင်း၊ တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက မိမိတို့အဖွဲ့အလိုက်စုပေါင်း၍ဆေးရုံကြီးသို့ လာရောက်သန့်ရှင်းရေးများပြုလုပ်ပေးသည့်အတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ ဆေးရုံအတွင်းအပြင်တွင် အမြဲသန့်ရှင်းနေစေရန် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကြိုးစားဆောင်ရွက်နေကြောင်း၊ ပြည်သူများကလည်း ဆေးရုံသန့်ရှင်းစေရန်အတွက် ကူညီပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

**တင်စိုး(ပဲခူး)**

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်လိုက်သဖြင့် . . .

တင်ဝင်း

မြန်မာနိုင်ငံတွင် ဘိန်း၊ ဆေးခြောက်၊ ကိုကင်းနှင့် ဘေးဖြစ်စေတတ်သော ဆေးဝါး စသည်တို့ကို သုံးစွဲခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်းကိစ္စရပ်များကို ကိုလိုနီခေတ်က ဘိန်းဥပဒေနှင့် ဘေးဖြစ်စေတတ်သောဥပဒေအရ အရေးယူဆောင်ရွက်ပြီး လွတ်လပ်ရေးရပြီးနောက် ဘိန်းခန်းနှိပ်ကွပ်ရေးဥပဒေနှင့် ဘိန်းရှူစားသုံးသူများမှတ်ပုံမတင်မနေရဥပဒေဖြင့်လည်း အရေးယူဆောင်ရွက်ပါသည်။

ဆိုရှယ်လစ်ခေတ်တွင် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ပြဋ္ဌာန်း၍လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အုပ်ချုပ်သောကာလ ၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ (မူး/စိတ်ဥပဒေ) ကိုပြဋ္ဌာန်း၍လည်းကောင်း လူသားအားလုံးဘဝကို ပျက်သုဉ်းစေနိုင်သော မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ယခု ဒီမိုကရေစီအစိုးရလက်ထက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၆/၂၀၁၈) ဖြင့် ၁၄-၂-၂၀၁၈ ရက်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူး/စိတ် ပြင်ဆင်ဥပဒေ)ကို ပြဋ္ဌာန်းခြင်းသည် မူးယစ်ဆေးဝါး အန္တရာယ်တိုက်ဖျက်ရေးအရှိန်မြှင့်တင်ခြင်းဟု ဆိုနိုင်ပါသည်။

**တင်းတင်းကျပ်ကျပ်ကိုင်တွယ်**

တစ်ဆက်တည်းပင် နိုင်ငံတော်သမ္မတကြီး၏ မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ဖော်ပြလိုပါသည်။

**"မူးယစ်ဆေးဝါးကိုပိုမိုနှိမ်နင်းနိုင်ဖို့ အဓိကထုတ်လုပ်၊ ဖြန့်ဖြူး၊ သိုလှောင်တဲ့ လက်ကြီးသမားတွေကို ဦးစားပေးနှိမ်နင်းရန်ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်တဲ့ ဆေးဝါးတွေ ဖောဖောသီသီ ရောင်းဝယ်ဖောက်ကားနေတာတွေကို မသိချင်ယောင်ဆောင်ထားတဲ့ သိလျက်နဲ့ လွှတ်ထားတဲ့ ဖြစ်စဉ်မျိုးတွေ ဖြစ်လာရင်လည်း အဓိကတာဝန်ရှိသူကို ဦးစားပေးပြီး အရေးယူမှုတွေ ပြုလုပ်ရမှာဖြစ်သလို ကွင်းဆက်ပျောက်သွားတဲ့ ပိုင်ရှင်မဲ့ဖြစ်သွားတဲ့ မူးယစ်ဆေးဖမ်းဆီးရမှုတွေကိုလည်း တင်းတင်းကျပ်ကျပ်ကိုင်တွယ်ရပါလိမ့်မယ်။ မူးယစ်ရဲတွေရဲ့ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးပြီး တစ်ဖက်မှာလည်း ဆုပေးဒဏ်ပေးစနစ်ကို ထိထိရောက်ရောက်ဖြစ်အောင် ပြင်ဆင်ပေးရမှာဖြစ်ပါတယ်။ အခြေအနေအရလိုအပ်ပါက ဗဟိုတွင် လျှပ်တစ်ပြက်ဖမ်းဆီးနိုင်တဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့တစ်ဖွဲ့ထားရှိပြီး ဆောင်ရွက်ရပါမယ်။"**

ဤသည်မှာ မူးယစ်ဆေးဝါးနှိမ်နင်းရေးအတွက် သို့မဟုတ် အများပြည်သူအကျိုးအတွက် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူ၍ ဖော်ဆောင်ရမည့် အချက်ဖြစ်ပါသည်။

**အညွန့်တုံးစေနိုင်**

မူး/စိတ်ဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ လူသားတို့အား အညွန့်တုံးစေနိုင်သည့် တာဝန်အဖြစ် တားဆီးကာကွယ်ရန် ဖြစ်ပါသည်။

မူး/စိတ်ပြင်ဆင်ဥပဒေအရဖြည့်စွက်သော အောက်ပါရည်ရွယ်ချက်လေးရပ်ကို အလေးဂရုပြုရန် ဖြစ်ပါသည်-

(၁) မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ပြည်တွင်းမူဘောင်များချမှတ်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကို တားဆီးကာကွယ်ရန် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို အသုံးပြု၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတိုက်ဖျက် နှိမ်နင်းရေးနှင့် တားဆီးကာကွယ်ရေးကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ပေးရန်၊

(၄) ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်မှုဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရေတို၊ ရေရှည်စီမံကိန်းများနှင့် ရည်မှန်းချက်ပန်းတိုင်များ ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် တရားမဝင်စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် ဆက်စပ်လျက်ရှိသည့် လူမှုစီးပွားရေးပြဿနာများအား ဖြေရှင်းရန်။

**အသိပညာပေး**

မူလ မူး/စိတ်ဥပဒေပါ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များတွင် ဆေးဝါးသုံးစွဲသူများအား အသိပညာပေးခြင်းပါဝင်ပြီး ပြည်သူများအား အသိပညာပေးခြင်း မပါရှိပါ။ မူး/စိတ် ပြင်ဆင်သည့် ဥပဒေအရ ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို လူမှုရေးမီဒီယာများနှင့် အခြားသော သတင်းမီဒီယာများမှတစ်ဆင့် ကျောင်းအတွင်း ကျောင်းပြင်ပနှင့် လုပ်ငန်းခွင်နေရာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်ရန် ဗဟိုအဖွဲ့က ကြီးကြပ်လမ်းညွှန်သည့်အချက် ပါဝင်ပါသည်။

အလားတူပင် ဆိုးကျိုးများကို ပြည်သူများသိရှိနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ရန်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ဥပဒေအရ အကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်ရှိသူများက ထိထိရောက်ရောက် ပူးပေါင်း ဆောင်ရွက်နိုင်ရန်လည်းကောင်း ဗဟိုအဖွဲ့က ကြီးကြပ်လမ်းညွှန်ရန်အချက်ကိုလည်း မှတ်သားသင့်ပါသည်။

**ပြန်လည်ထူထောင်**

မူး/စိတ် ဥပဒေ ပုဒ်မ ၆ ကို မူး/စိတ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေဖြင့် အစားထိုးသည့် ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ (င) နှင့် (စ) တို့သည် ဗဟိုအဖွဲ့၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ခြင်း အပြင် ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးတို့ကို ဖော်ညွှန်းပါသည်။

(၁) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၂) ဆေးဝါးသုံးစွဲသူများအား စာရင်းကောက်ယူ၍ ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေးလှုံ့ဆော်ရေးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်လျှော့ချပေးရေးတို့နှင့် စပ်လျဉ်း၍ အစီအစဉ်ချမှတ်ဆောင်ရွက်ခြင်း၊

(၃) ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့်စပ်လျဉ်း၍ စီမံချက်များ ချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သော ကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန်သော လူနေမှုဘဝသို့ ပြန်လည်ရောက်ရှိစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း။

အလျဉ်းသင့်၍ တင်ပြလိုသည်မှာ နှစ်သစ်ကူးအခါသမယ နေ့ထူးနေ့မြတ်တွင် ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထား၍ ပြစ်ဒဏ်ကျခံ နေရသူများအား နိုင်ငံတော်သမ္မတကြီးက လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်ဒဏ်ကျခံနေရသူများ ပါဝင်ပါသည်။

မူးယစ် ပုဒ်မ ၁၅ (သုံးစွဲမှု) ဖြင့်ပြစ်ဒဏ်ကျ ၁၄၆၀ ကျော်၊ ပုဒ်မ ၁၆ (ဂ) (မူးယစ်ဆေးဝါး အလွန်နည်းစွာ လက်ဝယ်ထားမှု)ဖြင့် ပြစ်ဒဏ်ကျ ၃၂၀၀ ကျော်၊ ပုဒ်မ ၁၅/၁၆ (ဂ)အရ ပြစ်ဒဏ်ကျ ၁၆၀၀ ကျော်တို့မှာ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရခဲ့ပြီးဖြစ်၍ ပြင်ပတွင်ကောင်းမွန်စွာအသက်မွေးခြင်းဖြင့် မိမိဘဝကို ပြန်လည်ထူထောင်နိုင်ကြပြီ ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲသူများသည် ယခင်က မှတ်ပုံတင်ရသော်လည်း ဥပဒေကို ပြင်ဆင်လိုက်သဖြင့် ယခုအခါ မှတ်ပုံမတင်ရတော့ပါ။ သို့ရာတွင် ၎င်းတို့သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်သည့် ဌာနဂေဟာ သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရအသိအမှတ်ပြု ဆေးကုသဌာန၊ ဂေဟာတွင် ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။ ဆေးကုသမှုပြီးဆုံးသည့်အခါ သက်ဆိုင်ရာက ပြုစုပျိုးထောင်ရေးစခန်းသို့ လွှဲပြောင်းပေးပို့ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဆေးဝါးသုံးစွဲသူများအား ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့နှင့်စပ်လျဉ်း၍ -

(၁) ဆေးကုသမှုခံယူနေသူများနှင့် ၎င်းတို့အား မှီခိုနေသော မိသားစုများအား တတ်စွမ်းသမျှ ကူညီစောင့်ရှောက်ရပါမည်။

(၂) ဆေးကုသမှုခံယူပြီးသူများအား ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် ပြန်လည်ထူထောင်ပေးခြင်း၊ လိုအပ်သော အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ ပြန်လည်နေရာချထားပေးခြင်းနှင့် ဆက်လက်စောင့်ရှောက်ခြင်း ပြုရပါမည်။

(၃) ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ စနစ်တကျနှင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ကျွမ်းကျင်မှုသင်တန်းများ ပေးရပါမည်။

ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများသည် ကာကွယ်ရေး၊ ကုသရေး၊ စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့် မြန်မာနိုင်ငံက သဘောတူ လက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင် ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင် ပါဝင်သည့် ရည်ရွယ်ချက်များ၊ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေရေးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ မူး/စိတ် ပြင်ဆင်ဥပဒေတွင် မူးယစ်ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရန်ကဏ္ဍအား ပြည့်စုံစွာ ပြဋ္ဌာန်းထားသည်ဟု ဆိုနိုင်ပါသည်။

**သတင်းပို့ခြင်း၊ ရဲတပ်ဖွဲ့လုပ်ငန်းနှင့် တရားရုံးအမိန့်**

ဆေးဝါးသုံးစွဲသူသည် ဆေးကုသမှုမခံယူဘဲ တိမ်းရှောင်နေ၍မရပါ။ ဆေးဝါးသုံးစွဲသူ သို့မဟုတ် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူနှင့်စပ်လျဉ်း၍ မည်သူမဆို ရဲတပ်ဖွဲ့သို့ သတင်းပေးပို့အကြောင်းကြားနိုင်ပါသည်။

ရဲတပ်ဖွဲ့ဝင်သည် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူအား ပဏာမဆေးစစ်ချက်ခံယူရန်နှင့် ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသမှုခံယူနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့်ဌာန၊ ဂေဟာ သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသည့် အနီးဆုံးဆေးကုဌာန၊ ဂေဟာသို့ ဆောလျင်စွာ ပို့အပ်ရမည်ဖြစ်ပါသည်။ ထို့ပြင် သက်ဆိုင်ရာရဲအရာရှိသည် ပဏာမဆေးစစ်ချက်ခံယူရန်နှင့် ဆေးကုသမှုခံယူရန် ပျက်ကွက်သူအား စိစစ်ပြီးလိုအပ်ပါက ခံဝန်ချုပ်ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်ရန် သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

တရားရုံးသည် လျှောက်ထားခံရသူအား ဆေးစစ်ချက်ခံယူနိုင်ရေးနှင့် ဆေးကုသမှုခံယူနိုင်စေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ခံဝန်ချုပ်ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်ပါသည်။

သို့သော်လည်း ဆေးဝါးသုံးစွဲသူသည် တရားရုံးကချမှတ်သော အမိန့်နှင့်အညီ ခံဝန်ချုပ်ချုပ်ဆိုခြင်း မပြုလျှင်ဖြစ်စေ၊ ချမှတ်သောခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ ၎င်းအား ဆေးကုသမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ခြောက်လ ပို့အပ်သည့်အမိန့် ချမှတ်မည်ဖြစ်ပါသည်။ (ပုဒ်မ ၉၊ ပုဒ်မခွဲ (ဆ))

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ရောက်ရှိသော ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးကာလအတွင်း လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ယူကုသပေးမည်ဖြစ်ပါသည်။

**မူးယစ်ဆေးဝါးသုံးစွဲခြင်းကို အနည်းငယ်ရှင်းပြလိုသည်မှာ**

မူလ မူး/စိတ်ဥပဒေ ပုဒ်မ ၁၅ အရ ဆေးဝါးသုံးစွဲသူသည် ဆေးကုသဂေဟာတွင် မှတ်ပုံမတင်လျှင်ဖြစ်စေ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော ညွှန်ကြားချက်ကို မလိုက်နာလျှင်ဖြစ်စေ ထောင်ဒဏ်သုံးနှစ်မှ ငါးနှစ်အထိ ချမှတ်ခံရနိုင်ပါသည်။ ယခု မူး/စိတ် ပြင်ဆင်ဥပဒေအရ အဆိုပါပုဒ်မ ၁၅ ကို ပယ်ဖျက်လိုက်သဖြင့် တရားရုံးက ဆေးဝါးသုံးစွဲသူကို လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေပါသည်။ ဖြည့်စွက်ပြဋ္ဌာန်းသည့် ပုဒ်မ ၁၅ မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁၅။ ဆေးဝါးသုံးစွဲသူသည် ပုဒ်မ ၉၊ ပုဒ်မခွဲ(ဆ) အရ ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် လူမှုအကျိုးပြုလုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လမ်းတံတားများ ပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့်ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ကြီးကြပ်သူရှေ့မှောက်၌ နှိမ့်ချခြင်း၊ ခွဲခြားဆက်ဆံခြင်းသဘော မသက်ရောက်သည့် သတ်မှတ်ထားသော ဝတ်စုံကို ဝတ်ဆင်လျက် တစ်ရက်နှစ်နာရီဖြင့် အနည်းဆုံး နာရီ ၂၄၀ မှ အများဆုံး နာရီ ၃၆၀ အထိ ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့ လုပ်ကိုင် ဆောင်ရွက်ရမည်။

အထက်ပါ ပြဋ္ဌာန်းချက်သည် ပြစ်ဒဏ်ပေးသည့်သဘောမဟုတ်ဘဲ ဆေးဝါးသုံးစွဲသူများအား ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ဦးတည်သည့်အချက်ဟု ဆိုနိုင်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ကလည်း ပုဒ်မ ၁၅ အရ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေသော ဆေးဝါးသုံးစွဲသူအား လိုအပ်ပါက ပြန်လည်ထူထောင်ရေးစခန်းသို့ ပြန်လည်ပို့ဆောင်ပေးခြင်းကိုသော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**လက်ဝယ်ထားခြင်း**

လက်ဝယ်ထားသည့် ဆေးဝါးအလေးချိန် သို့မဟုတ် ပမာဏသည် မည်မျှပင်သေးငယ်စေကာမူ ထောင်ဒဏ်အနည်းဆုံး ငါးနှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ခံရမည်ဖြစ်သည်ကို လူတိုင်းသတိချပ်နားလည်ရန်လိုပါသည်။

စာမျက်နှာ ၂၁ သို့ ◯



## ပရိသတ်တစ်ဦးထံ သွားရောက်ဖျော်ဖြေပေးခဲ့တဲ့ တေလာဆွစ်

မကြာမီ နယ်လှည့်ဖျော်ဖြေပွဲတွေကို ကျင်းပသွားတော့မယ့် အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာတော့ ဆေးရုံမှာ တက်ရောက်နေရတဲ့ သူ့ရဲ့အမာခံ ပရိသတ်တစ်ဦးဖြစ်သူ အသက် ရှစ်နှစ်အရွယ် အစ်စဘယ်လာမက်ကူးထံသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖျော်ဖြေပေးခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် မေ ၈ ရက်မှာ ကမ္ဘာတစ်ဝန်း နယ်လှည့်ဖျော်ဖြေပွဲတွေကို စတင်သွားမယ့် တေလာဆွစ်က ပြီးခဲ့တဲ့ စနေနေ့မှာ အရီဇိုးနားမီးလောင်ဒဏ်ရာကုသမှုစင်တာကို သွားရောက်ကာ ဖျော်ဖြေပေးခဲ့တာဖြစ်ပါတယ်။

တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲတိုင်းကို သွားရောက်အားပေးနေကျ ပရိသတ်တစ်ဦးဖြစ်တဲ့ အစ်စဘယ်လာမက်ကူးက တေလာဆွစ်ရဲ့ နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေကို ကြားသိခဲ့ရပြီးတဲ့နောက် တေလာဆွစ်ထံသို့ ဗီဒီယိုဖိုင်တစ်ခုကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပေးပို့ခဲ့တာဖြစ်ပါတယ်။ ယင်းဗီဒီယိုမှာတော့ သူဟာ ပြီးခဲ့တဲ့ မတ်လအတွင်း မတော်တဆမှုတစ်ခုကြောင့် မီးလောင်ဒဏ်ရာများခံစားနေရကာ လက်ရှိအချိန်အထိ ဆေးရုံမှ ဆင်းခွင့်မရသေးကြောင်း၊ ဒါကြောင့် တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲကို လာရောက်အားပေးနိုင်ခြင်းမရှိတော့ကြောင်း ဆိုပါတယ်။ ဒ့ါအပြင် သူက တေလာဆွစ်အနေနဲ့ သူ့ရှိနေတဲ့ မြို့ကို လာရောက်မှာဖြစ်ကြောင်း သိခဲ့ရတာကြောင့် သူ့ရဲ့ဆေးရုံမှာ ခေတ္တရပ်နားပေးဖို့ တောင်းဆိုထားတာလည်း ပါဝင်ပါတယ်။ ဒီဗီဒီယိုဖိုင်ကို လက်ခံရရှိခဲ့ပြီးနောက် တေလာဆွစ်ဟာ အစ်စဘယ်လာမက်ကူးထံ သွားရောက်ဖျော်ဖြေဖို့ ဆုံးဖြတ်ခဲ့တာပါ။ ဒါပေမယ့် သူ့ကိုတော့ လာရောက်ဖျော်ဖြေပေးမှာဖြစ်ကြောင်း ကြိုတင်အကြောင်းကြားခဲ့ခြင်းမရှိဘဲ ရုတ်တရက် သွားရောက် ဖျော်ဖြေပေးခဲ့တာကြောင့် အစ်စဘယ်လာမက်ကူးအနေနဲ့တော့ အတော်လေး အံ့အားသင့်ခဲ့ရပါတယ်။ တေးသီချင်းတွေ ဖျော်ဖြေပေးခဲ့ပြီးနောက် တေလာဆွစ်က အစ်စဘယ်လာမက်ကူးရဲ့ မိသားစုဝင်တွေ၊ ဆေးရုံက ဝန်ထမ်းတွေနဲ့ တွဲဖက်ကာ ဓာတ်ပုံတွေလည်း ရိုက်ကူးခဲ့တာ တွေ့ရပါတယ်။

မကြာမီ စတင်သွားတော့မယ့် တေလာဆွစ်ရဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေဟာ ပေါ့ပ်ကြယ်ပွင့်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Reputation"အတွက် ရည်ရွယ်ပြုလုပ်သွားမယ့် ဖျော်ဖြေပွဲတွေဖြစ်ပြီး အမည်ကိုတော့ တေးအယ်လ်ဘမ်ရဲ့အမည်အတိုင်း ပေးထားတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂၅ ရက်မှာတော့ တေလာဆွစ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖျော်ဖြေပွဲတွေအတွက် လေ့ကျင့်နေတဲ့ သူ့ရဲ့ဓာတ်ပုံနဲ့ ဖျော်ဖြေပွဲအပေါ် စိတ်လှုပ်ရှားနေမိကြောင်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဓာတ်ပုံကတော့ အဖြူ အမည်းပုံဖြစ်ပြီး ဓာတ်ပုံရဲ့အောက်မှာတော့ ဖျော်ဖြေပွဲစတင်ဖို့ရာ ၁၃ ရက်သာလိုတော့ကြောင်း ထည့်သွင်းဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ တေလာဆွစ်ကိုယ်တိုင်က နယ်လှည့်ဖျော်ဖြေပွဲတွေ မပြုလုပ်ဖြစ်တာ အတော်ကြာပြီဖြစ်တာကြောင့် စိတ်လှုပ်ရှားနေမိပြီး ပရိသတ်တွေကလည်း တေလာရဲ့ ဖျော်ဖြေပွဲဆင်နွှဲဖို့ရာ စိတ်လှုပ်ရှားမိနေမှာအမှန်ပင် ဖြစ်ပါတယ်။

"Reputation"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကိုတော့ လာမယ့် မေ ၈ ရက်မှာ စတင်သွားမှာဖြစ်ပြီး နိုဝင်ဘာလအထိ ကမ္ဘာတစ်လွှားမှာ ပြုလုပ်သွားမှာလည်း ဖြစ်ပါတယ်။ ယင်းဖျော်ဖြေပွဲတွေရဲ့ အဖွင့်မှာတော့ တေလာဆွစ်နဲ့အတူ နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ကမ်မီလာကပ်ဘဲလို၊ ချာလီအက်ဇ်စီအက်ဇ်တို့လည်း ပါဝင်ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

## တစ်နှစ်ပတ်လုံး ဆေးလိပ်မသောက်ဘဲ နေနိုင်ခဲ့တဲ့အတွက် အထိမ်းအမှတ်ပြုလုပ်ခဲ့တဲ့ အက်ဒ်ရှီရန်



ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အက်ရှ်ရှီရန်ဟာ ပြီးခဲ့တဲ့ တစ်နှစ်ပတ်လုံး ဆေးလိပ်မသောက်ဘဲ နေခဲ့ပါတယ်။ ဒီလို တစ်နှစ်တာလုံး ဆေးလိပ်မသောက်ခဲ့တဲ့ အထိမ်းအမှတ်အဖြစ် အက်ဒ်ရှီရန်က သူ့ရဲ့အင်စတာဂရမ် စာမျက်နှာပေါ်မှာ စာသားအချို့ ရေးသားဖော်ပြခဲ့တာဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့မှာတော့ အသက် ၂၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အက်ဒ်ရှီရန်က သူ့ရဲ့အင်စတာဂရမ် စာမျက်နှာပေါ်မှာ ဆေးလိပ်မသောက်ခြင်းတစ်နှစ်ပြည့် အထိမ်းအမှတ် ကျင်းပနေပါတယ်လို့ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

အက်ဒ်ရှီရန်ဟာ ငယ်ရွယ်စဉ်ကပင် ဆေးလိပ်သောက်ခဲ့သူဖြစ်ပါတယ်။ တစ်ခုခုလုပ်ပြီးတိုင်း အမြဲ ဆေးလိပ်သောက်လေ့ရှိပါတယ်။ ဆေးလိပ်ဖြတ်ဖို့ရာ အကြိမ်ကြိမ် ကြိုးပမ်းခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်းမှာတော့ ဆေးလိပ်လုံးဝမသောက်ဘဲ နေခဲ့တာပါ။ သူဟာ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ ငယ်သူငယ်ချင်းတစ်ဦးဖြစ်သူ ချယ်ရီစီးဘွန်းနဲ့ ချစ်သူတွေအဖြစ် လက်တွဲနေပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ချစ်သူနဲ့ လက်တွဲခဲ့ပြီးတဲ့နောက် ပိုမိုကျန်းမာတဲ့ဘဝတစ်ခုမှာနေထိုင်ဖို့ရာ ဆုံးဖြတ်ခဲ့ပြီးနောက် ယခုလို ဆေးလိပ်ဖြတ်ခဲ့တာလည်း ဖြစ်ပါတယ်။

## ယွန်နရဲ့ တစ်ကိုယ်တော် တေးသီချင်းသစ် ထုတ်လွှင့်မည်



ကေပေါ့ပ်တေးသံရှင်တစ်ဦးအဖြစ် အောင်မြင်မှုတွေ ရရှိလာပြီး သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်လာတဲ့ ယွန်နဟာ မကြာမီမှာ တေးသီချင်းသစ်တစ်ပုဒ်ကို ထုတ်လွှင့်ဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ လတ်တလောမှာတော့ ယင်းတေးသီချင်းသစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုလည်း ထုတ်ဖော်ပြသလာတာ တွေ့ရပါတယ်။

အမျိုးသမီးတေးဂီတအဖွဲ့ "Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယွန်နဟာ သရုပ်ဆောင်နယ်ပယ်မှာ ပိုမိုလှုပ်ရှားနေခဲ့ပြီး လတ်တလောမှာတော့ တေးသီချင်းသစ်နဲ့အတူ ဂီတဘက်ကို ပြန်လည်ခြေလှမ်းလာတာ ဖြစ်ပါတယ်။ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ်လည်း တေးသီချင်းတွေ ထွက်ရှိထားပြီးဖြစ်ပါတယ်။

မကြာမီ ထုတ်လွှင့်သွားမယ့် ယွန်နရဲ့ တစ်ကိုယ်တော် တေးသီချင်းသစ်ကိုတော့ နာမည်ကျော်ဂီတပညာရှင်တစ်ဦးဖြစ်သူ လီဆန်ဆွန်းနဲ့ ပူးပေါင်းဖန်တီးထားတာဖြစ်ပြီး ယွန်နကိုယ်တိုင် ရေးသားထားတာဖြစ်ကြောင်း သိရပါတယ်။

ယွန်နရဲ့ သီချင်းသစ်ကိုတော့ "To You"လို့ အမည်ပေးထားပါတယ်။ ယင်းတေးသီချင်းအတွက် ဖန်တီးရာမှာ ဂျယ်ဂျူးကျွန်းပေါ်က ငြိမ်းအေးတဲ့ မြင်ကွင်းတွေက လွှမ်းမိုးထားတာဖြစ်ပြီး စာသားတွေမှာလည်း ဂျယ်ဂျူးကျွန်းရဲ့ အငွေ့အသက်တွေက ဖုံးလွှမ်းနေတာဖြစ်ပါတယ်။ ဒီသီချင်းမှာတော့ ဂျယ်ဂျူးကျွန်းပေါ် သွားရောက်နေထိုင်ခဲ့စဉ်က အမှတ်တရတွေကို ပြန်ပြောင်းအောက်မေ့ကာ ရေးသားထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

"To You"ကိုတော့ လာမယ့် မေ ၁၃ ရက်မှာ စတင်ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။

အေးပြည့် စုစည်းသည်



## မင်းသားကြီး စတားလုံးကို ရမ်ဘိုအဖြစ် ပြန်လည်တွေ့မြင်ရမည်

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့တိုက်ခိုက်ရေးရုပ်ရှင်တွေဖြစ်တဲ့ ရမ်ဘိုရုပ်ရှင်တွေရဲ့ ပဉ္စမမြောက်ရုပ်ရှင်ကိုတော့ ရိုက်ကူးဖန်တီးသွားမှာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်သစ်မှာတော့ ရမ်ဘိုဇာတ်ကောင်နဲ့ အောင်မြင်မှုတွေ ရရှိခဲ့တဲ့ မင်းသားကြီး စတားလုံး ပါဝင်သွားမှာဖြစ်ကြောင်း အေ့ရှ်းဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မင်းသားကြီး စီဗက်စတာစတားလုံးဟာ ရုပ်ရှင်သစ်မှာ ရမ်ဘိုအဖြစ် ပိတ်ကားထက်ဝယ် တစ်ကျော့ပြန် ပြန်လည်ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ယင်းရုပ်ရှင်သစ်ကိုတော့ လာမယ့် စက်တင်ဘာလအတွင်း စတင်ရိုက်ကူးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီရုပ်ရှင်သစ်ကိုတော့ စတားလုံးနဲ့ အေဗီလာနာတို့ ပူးပေါင်းထုတ်လုပ်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ နောက်ဆုံးသော ရမ်ဘိုရုပ်ရှင်မှာ စတားလုံးက ဒါရိုက်တာအဖြစ်လည်း ဆောင်ရွက်ခဲ့ပေမယ့် ရုပ်ရှင်သစ်မှာတော့ ဒါရိုက်တာအဖြစ် ဆောင်ရွက်သွားမှာမဟုတ်ကြောင်းလည်း သိရပါတယ်။

"Rambo 5" ရုပ်ရှင်ရဲ့ ဇာတ်လမ်းကတော့ အဓိကဇာတ်ဆောင်ဖြစ်တဲ့ ရမ်ဘိုရဲ့ သူငယ်ချင်းဖြစ်သူတစ်ဦးနဲ့ သက်ဆိုင်နေပါတယ်။ သူငယ်ချင်းရဲ့ သမီးဖြစ်သူ မက္ကဆီကိုမှာ ပြန်ပေးဆွဲခံရပြီး ရမ်ဘိုက ပြန်လည်ခေါ်ဆောင်လာတာကို ဇာတ်လမ်းဆင်ထားတာဖြစ်ပါတယ်။ ဒီရုပ်ရှင်သစ်မှာတော့ ရမ်ဘိုဟာ ကလေးကို ပြန်လည်ခေါ်ဆောင်ဖို့အတွက် မက္ကဆီကို-အမေရိကန်နယ်စပ်ကို ဖြတ်သန်းသွားရမှာဖြစ်ပါတယ်။

လက်ရှိအချိန်အထိ ရမ်ဘိုရုပ်ရှင်လေးကား ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းလေးကားမှာ "First Blood"၊ "First Blood Part II"၊ "First Blood Part III' နဲ့ "Rambo" တို့ ဖြစ်ကြပါတယ်။

ကြေးမုံ

မေ ၈၊ ၂၀၁၈

## စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးလအတွင်း မီးလောင်မှု ၈၃ ကြိမ်ဖြစ်ပွား

**မုံရွာ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း မီးလောင်မှု ၈၃ ကြိမ် ဖြစ်ပွားခဲ့ရာ ဆုံးရှုံးမှု တန်ဖိုး ငွေကျပ်သန်း ၁၇၀၀ ကျော် ရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

"မီးလောင်မှုတွေဖြစ်ပွားပြီး ဆုံးရှုံးမှုတွေက ဖွံ့ဖြိုးရေးတွေမှာ အဟန့်အတားတွေဖြစ်စေပါတယ်၊ မီးလောင်မှုတွေကိုပြန်ကြည့်ရင် ပေါ့ဆလို့ ဖြစ်တာတွေကများပါတယ်၊ မီးလောင်မှုဖြစ်ရင်လည်း ကျိတ်ပြီး မီးငြိမ်းသတ်တယ်၊ မနိုင်မှသာ အကြောင်းကြားသလိုဖြစ်နေတဲ့အတွက် အခုနှစ်မှာ ဆုံးရှုံးမှုတန်ဖိုးတွေ မြင့်တက်လာတာပါ၊ မီးသုံးစွဲသူတွေအနေနဲ့ မီးသတ်ဦးစီးဌာနရဲ့ အသိပညာပေး ဟောပြောတာတွေကို ဂရုတစိုက် နားထောင်ပြီး စည်းကမ်းတွေ လိုက်နာကြရင် မီးလောင်မှုတွေ လျော့နည်းသွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ်တွင် မီးလောင်မှု ၁၈၀ ဖြစ်ပွားခဲ့ရာ ငွေကျပ် ၁၃၅ သန်းခန့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွင်း မီးလောင်မှု ၁၉၃ ကြိမ် ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၁၁၄ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကာ ယခုနှစ်အတွင်း လေးလတာတွင် မီးလောင်မှု ၈၃ ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သန်းပေါင်း ၁၇၀၀ ကျော်အထိရှိခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မဒေးရေလှောင်တမံရေမှသည် အောင်မြင်ဖြစ်ထွန်းသော နွေစပါးစိုက်ခင်းဆီသို့

**မင်းဘူး မေ ၇**

နိုင်ငံတော်အစိုးရမှ နိုင်ငံတော်၏ အဓိကစီးပွားတိုးတက်ရန် ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရန် စီမံကိန်းများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ပုသိမ်-မုံရွာ ကားလမ်းမကြီး အနောက်ဘက် ၃ ဒသမ ၅ မိုင်အကွာ ကြို့ပင်ရွာအနီး မဒေးချောင်းအားပိတ်၍ မဒေးရေလှောင်တမံကို တောင်သူလယ်သမားများ ဘဝမြင့်မားစေရန် ရည်ရွယ်၍ တည်ဆောက်ပေးခဲ့သည်။ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရေသောက်စနစ်တစ်ခုလုံး ပြီးစီးအောင်မြင်ခဲ့သည်။ ယခုအခါ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မင်းဘူးမြို့မှ တာဝန်ယူ ထိန်းသိမ်းလျက်ရှိသည်။



သရက်ခရိုင်၊ ကံမမြို့နယ်ရှိ မဒေးရေလှောင်တမံ



မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက "မဒေးရေလှောင်တမံက မြေသားတမံအမျိုးအစားဖြစ်ပါတယ်၊ ၂၀၀၃-၂၀၀၄ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်မှာ အလုံးစုံပြီးစီးခဲ့ပါတယ်၊ ရေသောက်စနစ် တစ်ခုလုံးပေါ့၊ တူးမြောင်းမကြီး အလျား ၁၂ ဒသမ ၁၂ မိုင်၊ လက်ဝဲမြောင်း အလျား ၈ ဒသမ ၁၂ မိုင်၊ လက်ယာမြောင်း အလျား ၈ ဒသမ ၁၂ မိုင်၊ မြောင်းခွဲ ၅၂ မြောင်း ရှိပါတယ်၊ စိစစ်ပြီး ရေသောက်ဧရိယာ ၂၆၅၄ ဧက ရှိပါတယ်၊ လက်ရှိ ကျွန်တော်တို့ ထိန်းသိမ်းချိန်မှာ ညွှန်ကြားရေးမှူးချုပ်နဲ့ ဌာနရဲ့ အဓိကရည်မှန်းချက်တွေကို စေတနာအပြည့်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ ညွှန်ကြားရေးမှူးချုပ်ရဲ့ လမ်းညွှန်ချက်ဖြစ်တဲ့ မိမိတာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းအားလုံးသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် အရေးကိစ္စအားလုံးအတွက်ဖြစ်သည်ကို အမြဲမှတ်ယူထားပါဟူသော စေတနာစကားအတိုင်း လိုက်နာဆောင်ရွက်နေပါတယ်" ဟု ပြောကြားခဲ့သည်။

"တောင်သူလယ်သမား အကျိုးစီးပွား၊ လူနေမှုဘဝမြင့်မားရေးအတွက် နိုင်ငံတော်ရဲ့၊ ဌာနရဲ့ စေတနာတွေကို အပြည့်အဝခံစားပြီး ပြည့်စုံသောဘဝများ ဖြစ်လာစေရေး ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန ဝန်ထမ်းတွေကလည်း တာဝန်ကို စေတနာမေတ္တာများနဲ့ ပေါင်းစပ်ကာ အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မဒေးတမံကို တာဝန်ယူထိန်းသိမ်းထားသော သရက်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းကလည်း "အရင်မဒေးဆည်မရှိခင်က နွေရာသီမှာ ချောင်းရေကို သစ်ခက်ဆည်ပိတ် ရေသွင်းစိုက်ပျိုးရလို့ ခက်ခဲပင်ပန်းကြပါတယ်၊ တောင်သူတွေအတွက် စေတနာထားပြီး မဒေးတမံ တည်ဆောက်ပြီး ရေသောက်စနစ်ဆောင်ရွက်နေတဲ့ ၂၀၀၆-၂၀၀၇ ခုနှစ်ကတည်းက နွေစပါး ၁၅၇ ဧက စိုက်ပျိုးခဲ့ပြီး လုပ်ငန်းဆောင်ရွက်ပြီးချိန်မှာ ပိုမိုစိုက်ပျိုးလာနိုင်တာ တွေ့ရှိရပါတယ်၊ ယခုအခါ နွေစပါးကို ၂၀၂၅ ဧကထိ တိုးတက်စိုက်ပျိုးလာနိုင်ပါတယ်" ဟု ရှင်းပြသည်။

ယခုနွေစပါးရာသီတွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးရွာသွန်းမှု အားကောင်းသောကြောင့် ရေပြည့်ဝစွာသိုလှောင်နိုင်၍ မြောင်းဆုံးမြောင်းဖျားထိ ရေရရှိရေး၊ စိုက်ပျိုးရေပြည့်ဝစွာ ပေးဝေနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် အချိန်မီ ပြီးစီးအောင် ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သောကြောင့် နွေစပါးလျာထား ၂၀၂၅ ဧကကို ပြည့်ဝစွာ စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။ မဒေးရေလှောင်တမံ အေးမြရေကြည်မှသည် အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းများ စိမ်းလန်းဝေဆာ တိုးတက်စိုက်ပျိုးနိုင်ပြီး တောင်သူများ၏ ပီတိအပြုံး၊ အပျော်ဖုံးလွှမ်းသော မျက်နှာ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဝန်ထမ်းအဆင့်ဆင့်၏ စေတနာတို့ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝ မြင့်မားတိုးတက်ရေး မျှော်လင့်ချက်များအား စိမ်းလန်းသော နွေစပါးစိုက်ခင်းများဖြင့် အခိုင်အမာ ပေါ်လွင်ထင်ရှားနေကြောင်း သိရသည်။

**သန်းဌွေး (မင်းဘူး)**

## တာချီလိတ်နယ်စပ်မှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်

**တာချီလိတ် မေ ၇**

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်ထွက်သွားလာလည်ပတ်လျက်ရှိသည်။

၂၀၁၈ ခုနှစ် ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အထိ တာချီလိတ်နယ်စပ် ဝင်၊ ထွက်ပေါက်မှတစ်ဆင့် နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယ နိုင်ငံသားအများစု ပါဝင်သော နိုင်ငံခြားသားခရီးသွား ဧည့်သည် ၁၅၅၂၂ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၄၂၆ ဦး၊ ဗီဇာဖြင့် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၁၁ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည် အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ဝမ်ကောင်းဈေး၊ ကိုးမြို့ရှင်နတ်နန်း၊ ရွှေတိဂုံစေတီတော်၊ မြို့လယ်ဓမ္မာရုံ ပဒေါင်ကျေးရွာ၊ နဂါးနှစ်ကောင်ဆရာတော်ကျောင်း၊ ကွမ်ရင်မယ်တော်၊ တရုတ်ဘုံကျောင်း၊ ကျောက်တန်းဈေးများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ဈေးတန်းကြီး ဘုန်းကြီးကျောင်း၊ သမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင်စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဉယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခုံကျောင်း၊ မြဘုရားကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ၊ စံပြယန်းလောကျေးရွာ၊ ကတ်တောင်ကျေးရွာအနီးရှိ ကိုးထပ်ရေတံခွန် စသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်။



တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၁၈ ဧပြီ ၁ ရက်မှ မေ ၃ ရက်အထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစု ပါဝင်သော နေ့ချင်းပြန်ခရီးသည် စုစုပေါင်းမှာ ၇၂၁၂၂ ဦးဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၁၁၃၀ နှင့် ဗီဇာဖြင့် တာချီလိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည် စုစုပေါင်း ၇၇၅ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများဖွင့်

**မြစ်ကြီးနား မေ ၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကချင်ပြည်နယ်) တို့ ပူးပေါင်း၍ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း (၁/၂၀၁၈) ဖွင့်ပွဲကို မေ ၇ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်က အသင်း၏လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ကချင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခိုင်ဝင်းက "အခုလို သင်တန်းဖွင့်လှစ်နိုင်ခဲ့တာ ကချင်ပြည်နယ်အတွင်းမှာ ဒီသင်တန်း အပါအဝင်ဆိုရင် လေးကြိမ်မြောက်ပါ။ အရင်ကတော့ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော်နဲ့ ပူတာအိုတို့မှာ တစ်ကြိမ်စီ ဖွင့်လှစ်နိုင်ခဲ့ပါတယ်၊ ဒီသင်တန်းမှာ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်းနဲ့ အစားအစာနှင့် အဖျော်ယမကာ (ဝန်ဆောင်မှု) သင်တန်းဆိုပြီး ဘာသာရပ်သုံးခုကို စာတွေ့လက်တွေ့ လေ့ကျင့်ပေးသွားမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြချုပ် ဦးကျော်မျိုးအောင်က သင်တန်းနည်းပြများနှင့် မိတ်ဆက်၍ သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို မေ ၇ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ ဝန်ကြီးဌာနနှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် စာတွေ့လေ့ကျင့်ခြင်းကို မြစ်ကြီးနားမြို့ အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်းနှင့် လက်တွေ့လေ့ကျင့်ခြင်းကို မြစ်ကြီးနားမြို့ပေါ်ရှိ ဟိုတယ်ကြီး ၁၆ လုံးတွင် လေ့ကျင့်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသို့ မြစ်ကြီးနားမြို့ပေါ်ရှိ ဟိုတယ်ကြီးများတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဟိုတယ်ဝန်ထမ်း ၂၀၀ တက်ရောက်မည်ဖြစ်ကာ သင်တန်းဖွင့်လှစ်ရခြင်းမှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဟိုတယ်လုပ်ငန်း၏ အခြေခံသဘောတရား၊ အတွေ့အကြုံနှင့် ဗဟုသုတများကို မိမိတို့၏ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကောင်းမွန်စွာ လက်တွေ့အသုံးချနိုင်ရန်နှင့် ကြိုးပမ်းဆောင်ရွက်ရန် ရည်ရွယ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဦးလေးကြီး**

❍ စာမျက်နှာ ၁၈ မှ

မူး/စိတ် ဥပဒေပုဒ်မ ၂၆ ကို ပြင်ဆင်လိုက်သဖြင့် လက်ဝယ်ထားသည့် အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက် ပြောင်းလဲသွားပါသည်။ မြင်သာရန် ဇယားဖြင့် ဖော်ပြပါသည်။

| စဉ် | အမျိုးအစား | အလေးချိန် |
|---|---|---|
| ၁ | ဘိန်းဖြူ (ဟယ်ရိုးအင်း) ဖြစ်ပါက | ၃ ဂရမ် (၃ ပဲသားခန့်) |
| ၂ | မော်ဖင်းဖြစ်ပါက | ၃ ဂရမ် |
| ၃ | ဘိန်းဖြူနှင့်မော်ဖင်း နှစ်မျိုးပေါင်းဖြစ်ပါက | ၃ ဂရမ် |
| ၄ | ဘိန်းစိမ်း သို့မဟုတ် ပြုပြင်ထားသော ဘိန်း သို့မဟုတ် ယင်းနှစ်ခုပေါင်း ဖြစ်ပါက | ၁၀၀ ဂရမ် (၆ ကျပ်သားခန့်) |
| ၅ | ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်းဖြစ်ပါက | ၁၀၀ ဂရမ် |
| ၆ | ကိုကားရွက်ဖြစ်ပါက | ၁၀၀ ဂရမ် |
| ၇ | ကိုကင်းဖြစ်ပါက | ၃ ဂရမ် |
| ၈ | စိတ်ကြွရူးသွပ်ဆေးဖြစ်ပါက | ၃ ဂရမ် |
| ၉ | မက်အက်ဖီတမင်း ဟိုက်ဒရိုကလိုရိုက် (အိုက်စ်) ဖြစ်ပါက | ၃ ဂရမ် |
| ၁၀ | အက်ဖီဒရင်း သို့မဟုတ် ဆူဒိုအက်ဖီဒရင်း ဖြစ်ပါက | ၃ ဂရမ် |
| ၁၁ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအတွက် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော | အလေးချိန်ပမာဏ သို့မဟုတ် အရေအတွက် |

မည်သူမဆို အထက်ဇယားပါ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးကို သတ်မှတ်အလေးချိန်ဖြစ်စေ၊ ယင်း သတ်မှတ်ချက်ထက်ပို၍ဖြစ်စေ၊ လက်ဝယ်ထားလျှင် ရောင်းချရန် လက်ဝယ်ထားသည်၊ သယ်ယူသည်၊ ပေးပို့သည်၊ လွှဲပြောင်းသည်ဟု မှတ်ယူခြင်း ခံရမည်ဖြစ်ပါသည်။ ဤသို့ လုပ်ဆောင်မှုအတွက်ပြစ်ဒဏ်မှာ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ဖြစ်ရာ "ဆေးဝါး သုံးဂရမ် ထောင်ဒဏ် ၁၀ နှစ်"ဆိုသည့် အသိဖြင့် မူးယစ်ဆေးဝါးကို ရှောင်ရှားရန်လိုပါသည်။

ဤနေရာတွင် ဆက်စပ်တင်ပြလိုသည်မှာ မူးယစ်ဆေးဝါးဆိုလျှင် ဘိန်းမှမဟုတ်၊ မော်ဖင်းမှမဟုတ်၊ ဘိန်းဖြူမှမဟုတ်၊ စိတ်ကြွရူးသွပ်ဆေးများ၊ အက်ဖီဒရင်း၊ မက်အက်ဖီတမင်း၊ အိုက်စ် စသည်တို့လည်း ကောင်းကျိုးမပေးဘေးဖြစ်စေတတ်သော ဆေးဝါးများဖြစ်ပါသည်။ ယင်းပစ္စည်းများကို သုံးစွဲခြင်း၊ သယ်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်းများအား ဖမ်းဆီးရမိကြောင်း သတင်းစာများတွင် အမြဲဖတ်ရှုနေရပါသည်။ ဥပမာအားဖြင့်-

(၁) ၂၀၁၈ ခုနှစ် ဧပြီ ၁၄ ရက်က တနင်္သာရီတိုင်းဒေသကြီးတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကျော်နှင့် အိုက်စ် ၁ ဒသမ ၀၂ ကီလို ဖမ်းမိခြင်း၊

(၂) ၂၀၁၈ ခုနှစ် ဧပြီ ၁၈ ရက်က အင်းတော်မြို့နယ်တွင် ဘိန်းဖြူ ၂ ဒသမ ၂ ကီလို (သိန်း ၂၀၀၀ ကျော်ဖိုး) ဖမ်းမိခြင်း၊

(၃) ၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက်က တာချီလိတ်မြို့နယ်တွင် အိုက်စ် ကီလို ၂၀၀ (သိန်း ၄၀၀၀ ကျော်ဖိုး) ဖမ်းမိခြင်းများ ဖြစ်ပါသည်။

ပစ္စည်းများ သိမ်းဆည်းရမိပုံမှာ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်တို့နှင့် သယ်ဆောင်စဉ် အများဆုံးဖြစ်ပြီး တရားခံများမှာလည်း ယောကျာ်းများနှင့် တန်းရည်တူ အမျိုးသမီးများပါဝင်လာကြောင်းတွေ့ရှိရပါသည်။

**ရှောင်တခင်**

မူးယစ်တပ်ဖွဲ့စုများသည် NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်သူများကို မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများကို သတင်းရယူစုံစမ်းဖော်ထုတ်ခြင်းနှင့် ရှောင်တခင်လမ်းကြောင်းပိတ်ဆို့ရှာဖွေခြင်းများ လိုအပ်ပါသည်။

လက်ရှိအခြေအနေတွင် မူးယစ်တပ်ဖွဲ့စု ၅၀ က နယ်မြေခံရဲတပ်ဖွဲ့၊ NGO အဖွဲ့များ၊ နယ်မြေခံပြည်သူများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကလည်း ဟန့်တားထိရောက်သည့် ပြစ်ဒဏ်များ ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့်အတွက် ဗဟိုအဖွဲ့သည် ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းကို သိမ်းဆည်းသည့်ဘဏ္ဍာရန်ပုံငွေမှ အသုံးပြုနိုင်ပြီး နိုင်ငံတော်က ထောက်ပံ့သောပစ္စည်းများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ စေတနာရှင်များက လှူဒါန်းသောငွေကြေးများဖြင့် ရန်ပုံငွေထူထောင်ခြင်းအပြင် လှူဒါန်းသော ပစ္စည်းများကိုလက်ခံ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲနိုင်သည့် လုပ်ပိုင်ခွင့်များ ရရှိလာပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဗဟိုအဖွဲ့သည် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်၊ ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်၊ ပြည်တွင်း မူဘောင်များနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများပါဝင်စေလျက် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ထုတ်လုပ်ဖြန့်ဖြူးသိုလှောင်ခြင်းများကို နှိမ်နင်းရန် ဖြစ်ပါကြောင်း အနှစ်ချုပ်တင်ပြအပ်ပါသည်။ ။

## ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေတင်စနစ်ဖြင့် ဖြန့်ဝေဆောင်ရွက်ပေးနေသည့် ရေပေးဝေရေးလုပ်ငန်းများနှင့် ရုံးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ညောင်ဦး မေ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နီနီဝင်း ဦးဆောင်သော ဌာနတွင်းလုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် မေ ၆ ရက် နံနက် ၁၀ နာရီက ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ရှိန် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် ဝန်ထမ်းများ လိုက်ပါ၍ ညောင်ဦးမြို့နယ်အတွင်း ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် ဧရာဝတီမြစ်ရေတင်စနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိသည့် ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးဆောင်သော ဌာနတွင်းလုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ညောင်ဦးမြို့နယ်အတွင်း ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိသည့် ညောင်ဦးမြို့ နတ်သမီးကမ်းပါးမြစ်ရေတင် ရေစက်ရုံ၊ ငှက်ပစ်တောင် ရေစက်ရုံနှင့် ညောင်ဦး-ကျောက်ပန်းတောင်းသွား လမ်းဘေးအနီးရှိ နဘူးတော ရေစက်ရုံများသို့ သွားရောက်ပြီး ဒေသခံပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် စီစဉ်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ရှိန်က သောက်သုံးရေဖြန့်ဝေပေးသည့် ရေစက်ရုံများ အလိုက် ရေသိုလှောင်ထိန်းသိမ်းထားရှိမှုနှင့် ရေဖြန့်ဝေပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ)ဦးဆောင်သော ဌာနတွင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲက ညောင်ဦးမြို့နယ်ကျေးလက်ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းဇယား ထိန်းသိမ်းထားရှိမှုအခြေအနေများ၊ မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများ၊ မြစ်ရေတင် ကျေးလက်ရေပေးရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဌာနတွင်း ရုံးလုပ်ငန်း စာရင်းဇယားများ ပြုစုထိန်းသိမ်းထားရှိမှုအခြေအနေများကို ကဏ္ဍအလိုက် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ ရုံးလုပ်ငန်းများ စွမ်းဆောင်ရည်အပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ပျဉ်းမနားမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ကလေးများဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**ပျဉ်းမနား မေ ၇**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံမှုများ ဖွံ့ဖြိုးတိုးတက်ပြီး စိတ်ပိုင်းဆိုင်ရာနူးညံ့သိမ်မွေ့ကာ အနုပညာစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကလေးများဆေးရောင်ခြယ်ပြိုင်ပွဲကို မေ ၇ နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ် ပြည်သူ့စာကြည့်တိုက်အတွင်းရှိ ကလေးများစာဖတ်ခန်း၌ ကျင်းပသည်။

နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကား ပြောကြားပြီး ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဖြိုးအောင်က ပြိုင်ပွဲကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပရာတွင် ပျဉ်းမနားမြို့နယ် ကလျာဏယုဝခရစ်ယာန်အသင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ တို့ ဝင်ရောက် ယှဉ်ပြိုင်ကြရာ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



တောင်တွင်းကြီးမြို့၏ မြို့ကျက်သရေဆောင်၊ မြို့သူမြို့သားအားလုံး၏ အပန်းဖြေ၊ လမ်းလျှောက်၊ လေညင်းခံ၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ရာ တစ်ခုတည်းသောနေရာဖြစ်သည့် ရတနာပွင့်လှ ကန်တော်ကြီးတစ်ဝိုက်ရှိ အမှိုက်များအား မေ ၆ ရက် ညနေ ၄ နာရီခွဲက မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း အမှိုက်ကောက်စဉ်။ နိုင်ဝင်း(ပြန်/ဆက်)

## သီးနှံဖျက်ပိုးများအား ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းရန် ဉကပ်ပါးနကျယ်များလွှတ်ပေး

**ဂန့်ဂေါ မေ ၇**



စပါးခင်းများတွင် ကျရောက်တတ်သည့် လိပ်ပြာဖလံ မျိုးရင်းဝင်ဖျက်ပိုးများအား ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းနိုင်ရန် နွေစပါးစိုက်ခင်းများတွင် ထရိုင်ကိုဂရားမား ဉကပ်ပါးနကျယ်များကို မေ ၅ ရက် နံနက်က ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းကျေးရွာရှိ တောင်သူ ဦးလှခိုင်နှင့် ဦးကြည်ဝင်းတို့၏ နွေစပါးစိုက်ခင်းများတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ အစီအစဉ်ဖြင့် လွှတ်ပေးကြသည်။

"ထရိုင်ကိုဂရားမား ဉကပ်ပါးနကျယ် အသုံးပြုခြင်းက လိပ်ပြာ မျိုးရင်းဝင် ဖျက်ပိုးတွေကို နှိမ်နင်းရာမှာ ရေရှည် အသုံးပြုနိုင်ပြီး ကုန်ကျစရိတ် သက်သာစေပါတယ်၊ လုံခြုံစိတ်ချရတဲ့ စားသုံးသီးနှံတွေကို ထုတ်လုပ်ပေးနိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်ပါတယ်"ဟု ဉကပ်ပါးနကျယ် လွှတ်ပွဲတွင် လာရောက်လေ့လာကြသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထင်အောင်ကြွယ်က ထည့်သွင်း ရှင်းလင်းပြောကြားသည်။

စပါးတစ်ဧကအတွက် ကပ်ပါးနကျယ်ဉ ၁၀၀၀ ပါ ဉကတ်ပြား ၄၀ ဖြင့် ဉကတ်တစ်ခုနှင့် တစ်ခု ပေ ၃၀ အကွာအဝေးထားရှိကာ စပါး တစ်ရာသီတွင် သုံးကြိမ်လွှတ်ပေးရန် လိုအပ်သည်ဟု ဆိုသည်။ ထရိုင်ကိုဂရားမား ဉကပ်ပါးနကျယ် လွှတ်ပေးထားသဖြင့် လိပ်ပြာ ဖလံမျိုးရင်းဝင် ဖျက်ပိုးများကို ဉအဆင့် ကတည်းက နှိမ်နင်းနိုင်သည့်အတွက် ပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ချနိုင်သည်။ ထို့အပြင် တောင်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုမရှိသည့်အပြင် သီးနှံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းများ ကင်းဝေးစေပြီး သီးနှံစိုက်ခင်းထဲရှိ အခြားသက်ရှိများနှင့် မြေထု၊ ရေထုနှင့် လေထုကိုလည်း အန္တရာယ်ဖြစ်စေမှုမရှိကြောင်း သိရသည်။

**၄၆၅**

## စက်သုံးဆီအရောင်းဆိုင်များ တရားမဝင်ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ပလောက် မေ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ မြို့ပေါ်၌ စက်သုံးဆီအရောင်းဆိုင်များ တရားမဝင် ရောင်းချခြင်း ရှိ၊ မရှိ၊ ရောင်းချခွင့်ပြုထားသည့်နေရာတွင် စနစ်တကျ ရောင်းချခြင်း ရှိ မရှိကို မေ ၇ ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးကြသည်။

အဆိုပါစစ်ဆေးရာတွင် ပလောက်မြို့ မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့များပူးပေါင်း၍ စက်သုံးဆီရောင်းချမှု အခြေအနေ၊ စက်သုံးဆီများ မီးဘေးအန္တရာယ်ကင်းရှင်းစွာထားရှိမှုအခြေအနေနှင့် အရေးပေါ်မီးသတ်ဆေးဘူးများကို စက်သုံးဆီအရောင်းဆိုင်ပမာဏနှင့် လုံလောက်အောင်ထားရှိခြင်း ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ ကောင်း၊ မကောင်း စသည်တို့ကို စစ်ဆေးခဲ့ပြီး မီးဘေးအန္တရာယ်နှင့် မီးထိတ်လန့်မှုမဖြစ်ပွားစေရေး ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# စာပေမြင့်ဖို့ဆိုလျှင်

**နန္ဒာမင်းလွင်**

ပညာရှင်များက ပြောဆိုကြသည်။ စာပေမြင့်မှ လူမျိုးတင့်မည်။ အနုပညာအားလုံး၏အခြေခံရေသောက်မြစ်သည် စာပေဖြစ်သည်တဲ့။မှန်ပေသည်။ စာပေကို ချီးမြှင့်မှ၊ စာရေးသူတို့ကို ချီးမြှင့်မှသာ စာပေမြင့်၍ လူမျိုးတင့်လာမည်ဖြစ်၏။

သို့သော် အဆိုပြိုင်ပွဲများတွင် ဆုငွေ သိန်း ၃၀၀၊ ရုပ်ရှင်အကယ်ဒမီဆုအတွက် ရွှေစင် ၅ကျပ်သား ချီးမြှင့်နေချိန်တွင် အမျိုးသားစာပေဆုအား ကျပ် ၁၅ သိန်း၊ စာပေဗိမာန်ပထမဆုအား ကျပ် ခုနစ်သိန်းသာ ချီးမြှင့်နေသည်ကို ဝမ်းနည်းဖွယ် တွေ့ရပေသည်။

အမှန်ဆိုလျှင် စာပေကို ဖွံ့ဖြိုးတိုးတက်စေချင်လျှင်၊ စာကောင်းပေကောင်းများ ရေးသားထွက်ပေါ်လာစေလိုလျှင် စာပေရေးသားပြုစုနေကြသည့် စာရေးဆရာ၊ စာရေးဆရာမများ၊ စာပေပညာရှင်များ၊ စာပေရေးသားပြုစုနေသူများ၏ဘဝကို မြှင့်တင်ပေးရန် လိုအပ်ပေသည်။

အဓိကဖြစ်စေလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် ထိုက်တန်သည့်စာပေဆုကြေးများကို မြှင့်တင်ချီးမြှင့်ပေးရန် အထူးလိုအပ်သည်။ ပြင်ပလုပ်ငန်းရှင်ကြီးများကလည်း တတ်စွမ်းနိုင်သမျှ ဝိုင်းဝန်းကူညီပံ့ပိုးကြရန် လိုအပ်ပါသည်။

### ပြည့်စုံလုံလောက်

စာပေဆုကြေးများကို ထိုက်တန်စွာချီးမြှင့်ပေးခြင်းဖြင့် စာရေးသူများ၏စာပေရေးသားပြုစုလိုစိတ်ကို တိုက်တွန်းနှိုးဆော်ပေးရာ ရောက်သည်။ စာကောင်းပေမွန်များကို ကြိုးစားအားထုတ်ဖန်တီးလိုစိတ် မြင့်မားစေနိုင်သည်။ ဥပမာ- ခေတ်ကာလငွေကြေးတန်ဖိုးအရ စာပေဆုကြေးငွေ ကျပ်သိန်း ၅၀ ဟု သတ်မှတ်သည်ဆိုပါစို့။ စာပေဆုရသည့် စာပေရေးသားသူသည် အနည်းဆုံးနေထိုင်စရာ သင့်တင့်လျောက်ပတ်သည့် အခြေချနေထိုင်ရန်မြေကွက်လေးတစ်ကွက် ဝယ်ယူနိုင်မည် သို့မဟုတ် မိသားစုလုံခြုံစွာနေထိုင်ရန် နေအိမ်လေးတစ်လုံးတော့ ဆောက်လုပ်နိုင်မည်။

သို့မဟုတ် သူ့ဘဝတာတွင် ရေးသားသိမ်းဆည်းထားရသော စာအုပ်လေး ငါးအုပ်ခန့်တော့ ထုတ်ဝေနိုင်မည်။ ထိုအခြေအနေမျိုးဆိုလျှင်ပင် လောဘနည်းကြသည့် စာပေသမားများအတွက် ပြည့်စုံလုံလောက်ပြီဟု သဘောထားနိုင်ကြပါသည်။

### စာကောင်းပေကောင်းများထွက်ပေါ်

စာပေဆုကြေးကို ထိုက်တန်စွာချီးမြှင့်မည်ဆိုလျှင်၊ ဆုရလျှင် မိသားစုအတွက်နေစရာလေးအဆင်ပြေနိုင်သည်။ ထုတ်ဝေလိုသည့် စာအုပ်လေးတွေတော့ ထုတ်ဝေခွင့်ရနိုင်ပေမည်ဟု ကြိုးစားအားထုတ်လိုစိတ်၊ စာပေရေးသားပြုစုလိုစိတ်၊ ကောင်းသထက်ကောင်းအောင် ဖန်တီးလိုစိတ်များ မြင့်မားလာကြမည်မှာ အမှန်ပင်။ စာအုပ်ထုတ်ဝေမှုများလည်း မြင့်မားလာပြီး စာကောင်းပေကောင်းများလည်း ထွက်ပေါ်လာမည်။ ထို့အတူ စာဖတ်သူများလည်း တိုးပွားလာပေမည်သာ ဖြစ်သည်။

စာရေးသူ သိသော စာရေးဆရာတစ်ယောက်နှင့် စကားပြောကြည့်ရာ ယခုနိုင်ငံတော်မှချီးမြှင့်နေသည့် စာပေဆုကြေးများမှာ အားရကျေနပ်ဖွယ် မရှိကြောင်း၊ စာပေဆုရရှိသွားသဖြင့်လည်း စာရေးသူတို့၏ဘဝကို ထူးခြားစွာ ပြောင်းလဲနိုင်မှု မရှိကြောင်း ပြောပြသည်။ သူ့တွင် ရေးသားပြုစုထားပြီး စာမူ ငါးအုပ်စာခန့်ရှိသည်။ စာအုပ်ထုတ်ဝေလိုစိတ်ရှိသော်လည်း ငွေကြေးမတတ်နိုင်သဖြင့် စာအုပ်ထုတ်ဝေနိုင်ခြင်း မရှိခဲ့။ စာအုပ်ထုတ်ဝေသည့်စာပေတိုက်များနှင့်လည်း မရင်းနှီး၊ နာမည်ကြီးစာရေးဆရာလည်းမဟုတ်သဖြင့် သူ့စာမူများကို စာအုပ်ထုတ်ပေးမည့်သူ မရှိ။

သို့ဖြစ်၍ စာပေဆုပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နေရသည်။ စာပေဆုများ ရရှိခဲ့သော်လည်း ဆုကြေးငွေမှာ မများပြားလှသဖြင့် စာအုပ် ဆက်လက်ထုတ်ဝေရန် မဖြစ်နိုင်ရှာချေ။

သူက ပြောပြသည်။ "စာပေဆုတစ်ဆုကို သိန်း ၅၀ လောက်ချီးမြှင့်ကြည့်ပါလား။ စာပေလောကကြီး တိုးတက်လာစေရမယ်။ စာဖတ်ဖို့ချည်း တိုက်တွန်းနေလို့ မရဘူး။ စာကောင်းပေကောင်းတွေကို စာရေးသူတွေ ရေးသားနိုင်ဖို့လည်း အားပေးရမယ်။ စာပေဆု သိန်း ၅၀ ကျွန်တော် ရကြည့်ပါလား။ ကျွန်တော် ဘာလုပ်မယ် ထင်သလဲ။ ကိုယ်ရေးထားတဲ့စာမူတွေကို စာအုပ်ထုတ်ပစ်မှာဗျ။ စာရေးဆရာအားလုံးက ကိုယ်ရေးသားထားသမျှ စာပေလေးတွေကို စာအုပ်အဖြစ် မြင်ချင်ကြသူချည်းပဲဗျ။ အဲဒါ စာရေးဆရာအားလုံးရဲ့ အန္တိမရည်မှန်းချက်ပဲ။"

### သတ်ပုံမှန်အောင် မရေးတတ်

"နောက် ကျွန်တော်ပြောချင်တာက စာပေဆုကြေးငွေဟာ သင့်တင့်တဲ့အိမ်လေးတစ်လုံး ဆောက်နိုင်မယ်။ မြေကွက်လေး တစ်ကွက်လောက် ဝယ်နိုင်မယ်ဆိုရင် ကိုယ့်မိသားစုဘဝ ထွက်ရပ်လမ်းအနေနဲ့ စာရေးသူတွေဟာ ကိုယ့်စာတွေကို ကောင်းသထက်ကောင်းအောင် ရေးသားဖန်တီးဖို့ အားထုတ်လာကြမှာလည်း အသေအချာပဲ"တဲ့။

စာရေးသူ စာရေးဆရာများ ကြိုးစားအားထုတ်မှုရှိမှသာ စာကောင်းပေကောင်းများ ထွက်ပေါ်လာနိုင်ပေသည်။ စာရေးဆရာများ စာကောင်းပေကောင်းများ ကြိုးစားအားထုတ်ရေးသားလာစေရန်လည်း မျှော်လင့်ချက်များ၊ မက်လုံးများ၊ ထိုက်တန်သောချီးမြှင့်မှုများ ရှိရန် လိုအပ်ပေသည်။ ယခုအခါ စာပေရေးသားဖန်တီးကြရာတွင် အားထုတ်မှုများ လျော့ကျလာသည်။ စာပေအရည်အသွေးများလည်း ကျဆင်းနေပြီဟု ဆိုနိုင်ပေသည်။ စာပေဖတ်ရှုနှုန်းများလည်း နည်းပါးလာသည်။ စာပေထုတ်ဝေမှုများလည်း နည်းပါးလာခဲ့သည်။ စာပေဖတ်ရှုမှုနိမ့်ကျလာသည်နှင့် ယနေ့ခေတ်လူငယ်အများစုသည် ဘွဲ့ရရှိပြီးဖြစ်ကြသော်လည်း မိခင်ဘာသာစကားဖြစ်သည့် မြန်မာစာကိုပင် သတ်ပုံမှန်အောင် မရေးတတ်ကြတော့။ စာပေမမြင့်သည့်အခါ စာပေနှင့်နှီးနွယ်သည့် ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် နယ်ပယ်များသည်လည်း တိုးတက်ဖွံ့ဖြိုးမှု နည်းပါးလာသည်ဟု ဆိုနိုင်ပေသည်။

### ကူညီအားပေးကြစေလို

အခြေခံကျသည့် စာပေလောကဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကမကထပြုကာ မြှင့်တင်ပေးဖို့ အထူးလိုအပ်လျက်ရှိနေပြီ ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ရုပ်ရှင်၊ ဂီတဘက်တွင် ချီးမြှင့်အားပေးသကဲ့သို့ စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီအားပေးကြစေလိုသည်။ စာပေမြင့်မှ အခြားအနုပညာနယ်ပယ်လည်း တင့်တယ်ဖွံ့ဖြိုးကြပေမည်။ စာပေဖွံ့ဖြိုးတိုးတက်ရန် စာပေသမားများ၏ ဘဝကိုမြှင့်တင်ပေးရန်လည်း မမေ့အပ်ဟု နှိုးဆော်လိုပါသည်။ ။

---

## ၂၀၁၇–၁၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တောင်ကြီးမြို့၌ ကျင်းပ

**တောင်ကြီး မေ ၇**

ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

စည်ပင်သာယာရေးဌာနသည် ပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ မြို့နေပြည်သူများထံမှ ထိုက်သင့်သော အခွန်၊ အခ၊ အကောက်များ ကောက်ခံပြီး ရရှိလာသောဝင်ငွေဖြင့် မြို့သန့်ရှင်းသာယာလှပရေး၊ မြို့တွင်းလမ်း၊ တံတားလုပ်ငန်းများ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေး၊ မြို့ရေပေးရေး၊ ပြည်သူများကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးရသော ဌာနဖြစ်ကြောင်း၊ စည်ပင်သာယာရေးဌာန၏လုပ်ငန်းတာဝန်များသည် များပြားလှပြီး ပြည်သူနှင့် တိုက်ရိုက်ထိတွေ့လုပ်ကိုင်ရသော သဘောသဘာဝရှိသည့်အတွက် ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများက အထင်လွဲမှားမှုမရှိစေရန်၊ သိရှိနားလည်စေရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ အလွန်အရေးကြီးပါကြောင်း၊ စည်ပင်သာယာရေးဌာနများက ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲထားသော ရငွေ/သုံးငွေဆိုင်ရာ ရသုံးခန့်မှန်းခြေငွေစာရင်းပါ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ဦးစားပေးအစီအစဉ်များခွဲခြားပြီးဆောင်ရွက်ပေးနေရကြောင်း၊ ပြည်သူများသိရှိစေရန် မီဒီယာများကို အသုံးပြုပြီး သတင်းထုတ်ပြန်ပေးရန် လိုအပ်ပါကြောင်း ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ပြည်နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစံ့ဆိုင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက စည်ပင်သာယာရေးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကာ အစည်းအဝေးသို့ တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ပြည်နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစံ့ဆိုင်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် /မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများမှ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက်မှ ၁၀ ရက်ထိပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---

## ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဆိုင်ရာသင်တန်း (Civil Service Training) ဖွင့်



**မိတ္ထီလာ မေ ၇**

ပြန်ကြားရေးဝန်ကြီးဌာန၊ ဂျာမန်ဖောင်ဒေးရှင်း ( Konrad-Adenauer Stiftung ) နှင့် ပညာအသင်း ( Panna Institue)တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဆိုင်ရာသင်တန်း ( Civil Service Training )ကို မေ ၇ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့ Grand Cosmos Hotel ခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် ဂျာမန်ဖောင်ဒေးရှင်း (Konrad-Adenauer Stiftung ) မှ ဒေါ်ခင်သူဇာထွန်းတို့က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍သင်တန်းနည်းပြ တစ်ဦးဖြစ်သည့် ဒေါက်တာတင်မောင်မောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းရင်းနှင့် သင်တန်းတွင် ပို့ချမည့် သင်ခန်းစာများနှင့် ဆက်စပ်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၇ ရက်မှ မေ ၁၁ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းတွင် Economic Growth & Development၊ Lingering Notions၊ Policy Cycle၊ Role of Media Relations in Pubilc Relations၊ Policy & Politics၊ Public Relations for Government စသည့် ဘာသာရပ်များကို ဒေါက်တာ တင်မောင်မောင်သန်း၊ ဒေါ်စိမ့်ရီထက်၊ ဦးဌေးဝင်းနိုင်တို့က ဆွေးနွေးပို့ချမည်ဖြစ်ပြီး ခရိုင်အဆင့်ဌာနဆိုင်ရာများမှ အမှုထမ်း၊အရာထမ်း သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

Sweety®
ဇာဘော်လီ၊ဘရာစီယာနှင့်အတွင်းခံအမျိုးမျိုး

"တောက်ပတဲ့အနာဂတ်ဆီသို့ လှပတင့်တယ်ခြင်းတွေနဲ့အတူ အရောက်လှမ်းနိုင်ဖို့ ယုံကြည်မှုတွေ
အပြည့်အဝပေးတဲ့ Sweety ကိုပဲရွေးချယ်ခဲ့ကြပါတယ်"

Sweety အတွင်းခံအမျိုးမျိုးရောင်းဝယ်ရေးမှ ကျောင်းဆရာမများ ၊ ကျောင်းသူလေးများနှင့် မီးမီးလေးများအတွက်
ရွေးချယ်စရာစုံလင်လှသော ဒီဇိုင်းမျိုးစုံနှင့်အတူ အရည်အသွေးအထူးကောင်းမွန်သော Sweety Bra များကို ရောင်းချပေးလျှက်ရှိပါသည်။



Hot Line ; 09 50 888 90 / 09 512 2 512 / 09 205 9696

Customer Service : 09 777 888 914 / 09 777 888 915 / 09 777 888 916 / 09 777 888 917

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော

MEC

# MYANMAR EDUCATION CENTRE

# မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း

မေလ ၁၀ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

ကျောင်းလခနှင့် နှစ်စဉ်ကြေး

| မူလတန်း နှစ်စဉ်ကြေး ၄၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| သူငယ်တန်း (KG) | ၄၀၀၀၀ |
| ပထမတန်း | ၄၀၀၀၀ |
| ဒုတိယတန်း | ၄၀၀၀၀ |
| တတိယတန်း | ၄၀၀၀၀ |
| စတုတ္ထတန်း | ၄၅၀၀၀ |

| အလယ်တန်း နှစ်စဉ်ကြေး ၅၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| ပဥ္စမတန်း | ၄၅၀၀၀ |
| ဆဋ္ဌမတန်း | ၄၅၀၀၀ |
| သတ္တမတန်း | ၄၅၀၀၀ |
| အဋ္ဌမတန်း | ၅၀၀၀၀ |

| အထက်တန်း နှစ်စဉ်ကြေး ၆၀၀၀၀ | |
|---|---|
| နဝမတန်း | ၅၅၀၀၀ |
| ဒသမတန်း | ၆၅၀၀၀ |

ကျောင်းချိန်နှင့် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက်

- သူငယ်တန်းမှ ဒသမတန်းအထိ နံနက် ၈း၀၀ မှ နေ့လယ် ၁း၃၀ နာရီအထိ။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း များအတွက် Study Guide အချိန်များ ရှိပါသည်။

(Study Guide အချိန်ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ)

လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅ ၂၀၃၊ ၀၉ ၄၄ ၅၀၅၅ ၂၀၃၊ ၀၉ ၇၉၈၁၃၆၁၈၈၇၊ ၀၉ ၉၆၁၇၁၃၄၅၅၁

Myanmar Education Centre (MEC) သည် စေတနာ၊ သဒ္ဓါ၊ ဝါသနာတို့ဖြင့် ရင်းနှီးမြှုပ်နှံထားသည်ကား ကျောင်းလစဉ်ကြေးကို မိဘများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်၍ အတတ်နိုင်ဆုံး လျှော့ချကောက်ခံထားပါသည်

**ရန်ကုန်မြို့ရှိ MYANMAR UNITED LAND REAL ESTATE CO.,LTD နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ANGEL REAL ESTATE CO.,LTDတို့မှ အကျိုးတူပူးပေါင်းဆောင်ရွက်သော ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ THE TREE RIO အဆင့်မြင့် Condominium အရောင်းပြပွဲ အခမ်းအနားဖိတ်ကြားခြင်း**

ရန်ကုန်မြို့ရှိ MYANMAR UNITED LAND RESTATE ESTATE CO.,LTD နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ANGEL REAL ESTATE CO.,LTD တို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၏ အချက်အချာကျသောနေရာတွင် ဆောက်လုပ်ပြီးစီးထားသည့် THE TREE RIO အဆင့်မြင့် Condominium အား မြန်မာငွေကျပ်သိန်းတစ်ထောင်ဝန်းကျင်ဖြင့်သာ ဝယ်ယူနိုင်မည့် အထူးသက်သာသော ဈေးနှုန်းများဖြင့် ရောင်းချနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်ယူ၍ နားလည်မှုစာချွန်လွှာသဘောတူစာချုပ်အား ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

ထိုင်းနိုင်ငံရှိ ဗန်ကောက်မြို့သည် ဈေးဝယ်စင်တာများ၊ အဆင့်မြင့်ဆေးရုံကြီးများ၊ နိုင်ငံတကာအဆင့်မီကျောင်းများ၊ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုနှစ်စဉ်တိုးပွားနေသော နိုင်ငံတကာအဆင့်မီ မြို့တစ်မြို့ဖြစ်၍ အလည်အပတ်အပန်းဖြေ ခရီးသွားရန်ဖြစ်စေ၊ ကျောင်းတက်ရန်ဖြစ်စေ၊ ဆေးကုသရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ ရွေးချယ်သင့်သည့် အကောင်းဆုံးနေရာတစ်ခုဖြစ်ပါသည်။ THE TREE RIO Condominium သည် Freehold Land ပေါ်တွင် တည်ဆောက်ထားသည့်အတွက် သားစဉ်မြေးဆက်ပိုင်ဆိုင်နိုင်မည့်အပြင်ထိုင်းနိုင်ငံတွင်အခန်းများ ဝယ်ယူပါက ထိုင်းနိုင်ငံရှိ နိုင်ငံသားများနည်းတူ အခွန်နှုန်းထားအား သက်သာစွာပေးဆောင်နိုင်မည့် အခွင့်အရေးများအား ရရှိနိုင်မည်ဖြစ်ပါသည်။

MYANMAR UNITED LAND CO.,LTD နှင့် ANGEL REAL ESTATE CO.,LTD တို့မှ ပူးပေါင်း၍ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်ရှိ Novotel Hotel (Eureka Room) တွင် (၁၂-၅-၂၀၁၈)ရက်နှင့် (၁၃-၅-၂၀၁၈)ရက်တို့တွင် မွန်းလွဲ(၁)နာရီမှ ညနေ(၅)နာရီအထိ အရောင်းပြပွဲကျင်းပကာ စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပြပွဲအတွင်းလာရောက်သူများအတွက် အထူး promotions များနှင့် လက်ဆောင်အစီအစဉ်များလည်း စီစဉ်ထားပါသဖြင့် လက်လွတ်မခံသင့်သော အထူးပြပွဲကြီးဖြစ်၍ လာရောက်ကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။

Myanmar United Land Real Estate Co.,Ltd သို့ ဆက်သွယ်စုံစမ်းလိုပါက ဖုန်းအမှတ်-09-265388758, 09-265388759, 09-950520499သို့ ဆက်သွယ်နိုင်ပါသည်။

သင့်ပညာရေး အတွက် ယုံကြည် အားထားရာ
SA IC STUDY ABROAD Information Centre

Yangon Office
Diamond Condo, Tower B, 15th Floor, Room 1502,
Pyay Road, Karmaryut Township, Yangon.
Tel : (09) 5151 008

Mandalay Office
No. 326, 62nd Street, Between: (29th x 30th) Street,
Chanayetharzan Township, Mandalay.
Tel : (09) 4200 99997

BE A PART OF THE BIGGEST AND FASTEST GROWING BIOMEDICAL INDUSTRY IN THE WORLD

Guest Speaker : Dr. Kelvin Wong, Head of School, MDIS Health & Life Sciences

MDIS Management Development Institute of Singapore

- Over 86% Honours degree graduates with outstanding performance
- Teaching and Nurturing by highly qualified academics professionals from the industry
- Providing with the current industry trends through industry visits, seminars and workshops organized to students
- Gain Practical experience providing by well-equipped life sciences laboratories
- Career Opportunities are waiting for health and biomedical science graduates

Tuition Grant SGD 2000



Yangon
Date : 12 May 2018 (Sat)
Time : 10:00 AM - 11:30 PM
Venue : Novotel Hotel (Bagan Room)

Mandalay
Date : 13 May 2018 (Sun)
Time : 10:00 AM - 11:30 PM
Venue : STUDY ABROAD Mandalay Office

Register @ (09) 5151 008, (09) 4200 99997

★STAR★
ဒုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052
09-260660405
09-421067330

ရွှေမဟာ
ဒုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-5106146
09-775106146

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

**ရေး မေ ၇**

မွန်လူမျိုးအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(တတိယနေ့)ကို မွန်ပြည်နယ် ရေးမြို့နယ်တွင် မေ ၇ ရက်က ဆက်လက်ကျင်းပပြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့် ပိတ်ပွဲအခမ်းအနားကို ရေးမြို့ ပြည်သူ့အားကစားရုံ၌ ကျင်းပသည်။**(ယာပုံ)**

နံနက်ပိုင်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍကြီး လေးရပ်တွင် ကိုယ်စားလှယ်တော်များက သက်ဆိုင်ရာကဏ္ဍအလိုက် နှစ်ရက်တာ အပြီးသတ်ဆွေးနွေးခဲ့သည့် အမြင်သဘောထားစုစည်းချက်များကို ဆွေးနွေးပွဲကိုယ်စားလှယ်တော်များအားလုံး သိရှိအကြံပြုနိုင်ရန် ဦးဆောင်သူများက ကဏ္ဍတစ်ခုချင်းစီအလိုက် လိုက်လံပေးပို့တင်ပြကာ ဖြည့်စွက်အကြံပြုချက်များ ရယူသည်။ မွန်းလွဲပိုင်းတွင် ပြည်သူ့အားကစားရုံ၌ ဆွေးနွေးပွဲကဏ္ဍအသီးသီးမှရရှိသည့် အမြင်သဘောထား စာတမ်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်သူများက ပြန်လည်ဖတ်ကြားတင်သွင်းကာ သဘာပတိအဖွဲ့ထံ အပ်နှံသည်။

ယင်းနောက် မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ဆွေးနွေးပွဲမှရရှိလာသည့် ကဏ္ဍအလိုက် အတည်ပြုချက် စာတမ်းများအား ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ နိုင်ဗညားလယ်က မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ရေးကော်မတီသို့ ပေးအပ်ရာ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး နန်းစံဝင့်ခိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ✪



# မြန်မာအမျိုးသမီးအသင်း စင်ကာပူအသင်းကို ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရ

ပလန်ဘမ် မေ ၇

**အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲအုပ်စု (က)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းက စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။**

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ယခုပွဲ ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ခွင့်ရရန် သေချာသလောက်ရှိသွားခဲ့ပြီး ဂိုးပြတ်အနိုင်ရလဒ်ကြောင့် အုပ်စုပထမနေရာရရန်ပါ အခြေအနေကောင်းသွားခဲ့သည်။



မြန်မာအသင်းခေါင်းဆောင် မြတ်နိုးခင် စင်ကာပူအသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။ ဓာတ်ပုံ-MFF

မြန်မာအသင်းသည် အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန် ပွဲစကတည်းက အားထည့်ကစားခဲ့ပြီး ပထမပိုင်းတွင် ခြောက်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားရာ စင်ကာပူအသင်း ခံစစ်သက်သက် ကစားခဲ့ရပြီး ဆွေမာအောင်နှင့် မြတ်နိုးခင်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၆ အမျိုးသမီးအသင်းအတွက် ဂိုးများကို ဆွေမာအောင်က ၂၊ ၁၉၊ ၂၆၊ ၄၀၊ ၅၅ မိနစ်တွင် ငါးဂိုး၊ အသင်းခေါင်းဆောင် မြတ်နိုးခင်က ၁၇၊ ၃၈ မိနစ်တွင် နှစ်ဂိုးသွင်းယူခဲ့သည်။ စင်ကာပူအသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၄၉ မိနစ်တွင် ဆာဇာလီက သွင်းယူခဲ့သည်။

အုပ်စု(က)အခြားပွဲတွင် ဗီယက်နမ်အသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယနေ့ပွဲအပြီးတွင် အုပ်စု(က)၌ မြန်မာနှင့် ဗီယက်နမ်အသင်းက ခုနစ်မှတ်စီ၊ မလေးရှားအသင်းက လေးမှတ်၊ စင်ကာပူအသင်းက ပွဲကုန်နှစ်မှတ်၊ ဖိလစ်ပိုင်အသင်းက တစ်မှတ်ရထားသည်။ မြန်မာအသင်းသည် မေ ၉ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

## နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က Asian Game Indonesia and AFF Suzuki Cup 2018 ဘောလုံးပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်း အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် Myanmar National League All Stars အသင်းနှင့် Leeds United အသင်းတို့ မေ ၉ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဆိုပါ ချစ်ကြည်ရေးခြေစမ်းပွဲအား မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Digital Sports Channel နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လိဒ်စ်ယူနိုက်တက်အသင်းတွင် ကစားသမား ၂၂ ဦး လိုက်ပါလာမည်

**ရန်ကုန် မေ ၇**

အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်စ်ယူနိုက်တက်အသင်းသည် မြန်မာနိုင်ငံခရီးစဉ်အတွက် ကစားသမား ၂၂ ဦး ခေါ်ဆောင်လာမည်ဖြစ်ပြီး စုစုပေါင်း ၃၄ ဦး လိုက်ပါလာမည်ဖြစ်သည်။

လိဒ်စ်ယူနိုက်တက်အသင်းသည် မေ ၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီး အမာခံကစားသမားအချို့ ပါဝင်လာခြင်းမရှိသော်လည်း လက်ရှိ အင်္ဂလန်လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကစားသမားအများစု ပါဝင်လာသည်။ လိဒ်စ်ယူနိုက်တက်အသင်းတွင် ပါဘလိုဟာနန်ဒက်ဇ်၊ ဖောရှော၊ လာဆိုဂါတို့ ပါဝင်လာခြင်းမရှိသော်လည်း ဖာရယ်၊ ဒေးဗစ်အလိုင်းရင်း၊ ရော်နယ်ဒိုမီအဲရား၊ ကယ်ဗင်ဖီးလစ်တို့ ပါဝင်လာသည်။ လိဒ်စ်ယူနိုက်တက်အသင်းသည် မေ ၆ ရက်တွင် လိဂ်ချန်ပီယံရှစ် နောက်ဆုံးပွဲဖြစ်သည့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

တက္ကသိုလ်ဝင်တန်း TopTen နှင့်ဘာသာစုံဂုဏ်ထူးရှင်များထွက်ရှိရာ...
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၁ မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
မင်္ဂလာ
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၂ အမှတ် (၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉ ၄၀၀ ၉၈ ၈၉ ၂၀ - ၂၅
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်ခရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ
အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း (ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၆)ယောက်ဝိုင်း ]
အထူးသီးသန့်ရှိသည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၀၅ ၀၉၇၊
ကျောင်း (သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726